## အမှာစကား

ဘုရားသခင်သည်အသင်းတော်ကို ဤသို့မှာခဲ့ပါသည်၊ ❋❋ခပ်သိမ်းသောအမှုကို သင့်တယ်လျှောက် ပတ်စွာ အစဉ်အတိုင်းစီရင်ကြလော့❋❋ ၁ကော ၁၄း၄၀။ အင်္ဂလိပ်ကျမ်းစာ၌ ဤသို့ဖြစ်သည်(Let all things be done decently and in order. ) အဓိပ္ပါယ်မှာ ❋❋လုပ်စရာရှိသည်တို့ကို သင့်တင့်လျှောက်ပတ်စွာ၊ အစီအစဉ်တကျလုပ်ပါ❋❋ဟူ၍ဖြစ်သည်။ ဤအမိန့်တော်သည် အသင်းတော်ကို မည်သို့အုပ်ချုပ်ရမည်ဆို သည်နှင့်လည်း သက်ဆိုင်နေပါသည်။ ထို့ကြောင့် ရီဖေါ့(မ်)အသင်းတော်များစတင်ချိန်(၁၆ ရာစု)မှစ၍ သမ္မာကျမ်းစာနှင့်ကိုက်ညီစွာအုပ်ချုပ်မှုပုံစံကို ရေဆွဲခဲ့ကြ၊ ကျင့်သုံးခဲ့ကြပါသည်။ ထို့နောက် ရှိနေသောပုံ စံကို ဒေသန္တရအသင်းတော်များအားလုံးက တူညီစွာကျင့်သုံးနိုင်ရန် အသင်းတော်များ၏အထွေထွေညီ လာခံများကျင်းပ၍ သဘောတူညီမှုကိုရယူခဲ့ကြ၏။ ထိုရည်ရွယ်ချက်အတွက်ပြုလုပ်သော ပထမဆုံးညီ လာခံမှာ ၁၅၁၇ ခုနှစ်၊ အမ်ဒင်းမြို့၊ ဂျာမဏီနိုင်ငံတွင်ပြုလုပ်သော ဟော်လန်ပြည်ရီဖေါ့(မ်)အသင်းတော်များညီလာခံဖြစ်သည်။ ၁၅၁၇ နောက်ပိုင်းတွင်လည်း ညီလာခံများကို အကြိမ်ကြိမ်ကျင်းပလျှက် ကျမ်းစာနှင့်ကိုက်ညီသောဥပဒေသများကို ရှာဖွေခဲ့ကြသည်။ ၄င်းဥပဒေသတို့ကို ၁၅၈၁ ခုနှစ်၊ မစ်ဒယ်(လ်)စဘာ့(ဂ်)ညီလာခံ၌ ပုံစံတခုဖြစ်လာစေသည်။ ထို့နောက် ၁၅၈၆ ခုနှစ်၊ ဂရာဗင်ဟန်အေ့(ချ်)ညီလာ ခံတွင် ❋❋နယ်သာလန်ရီဖေါ့(မ်)အသင်းတော်များ၏အုပ်ချုပ်မှုပုံစံ❋❋ဟုခေါ်တွင်ခဲ့ကြ၏။ ထို့နောက် ၁၆၁၈-၁၉ ခုနှစ်၊ ဒေါ့(ထ်)အရပ်၌ကျင်းပသောညီလာခံတွင် ထပ်မံ၍ အုပ်ချုပ်မှုပုံစံကို အသင်းတော်များ၌ကျင့် သုံးရန်အတည်ပြုခဲ့ကြရာ၊ ယနေ့တိုင်အောင်ပင် ဤအုပ်ချုပ်မှုပုံစံသည် ❋❋ဒေါ့(ထ်)ရီဖေါ့(မ်)အသင်းတော် များအုပ်ချုပ်မှုပုံစံ❋❋(Church Order of Dort, 1618-19)ဟုအမည်တွင်ခဲ့သည်။

ဝမ်းနည်းစရာကောင်းလှသည်မှာ မြန်မာပြည်တွင်ရှိသော၊ မိမိတို့ကိုယ်ကို ရီဖေါ့(မ်)အသင်းတော် ပါဟုခေါ်နေကြသည့် အသင်းတော်များ၌ ဤကျမ်းစာနှင့်ညီညွတ်လှသောအရာကို မကျင့်သုံးကြခြင်းပင် ဖြစ်သည်။ အချို့တို့က မသိကြသေး၍ခွင့်လွှတ်နိုင်ပါသော်လည်း၊ အချို့အသင်းတော်များ၏ လက်တစုပ် စာခေါင်းဆောင်များက၊ သိလျှက်နှင့်ပင် မိမိတို့၏အုပ်စိုးလွှမ်းမိုးနိုင်မှုပျောက်မည်စိုးသဖြင့် မကျင့်သုံးလို ကြခြင်းမှာ ဆိုးရွားလှပါသည်။

ထို့ကြောင့် မြန်မာလိုဖတ်နိုင်သမျှသူတိုင်းဖတ်နိုင်ရန် ဘာသာပြန်ခြင်းဖြစ်သည်။ ကျွန်တော်တို့၏ ဆုတောင်းမှာ မြန်မာနိုင်ငံရှိ ရီဖေါ့(မ်)အသင်းတော်များ မိမိတို့၏အုပ်ချုပ်မှုပုံစံကို ဘုရားသခင့်နှုတ်က ပတ်တော်နှင့်ကိုက်ညီစွာ ရီဖေါ့(မ်)တို့၏အစဉ်အလာအတိုင်း၊ ဘုရားသခင့်ဘုန်းတော်ထင်ရှားဖို့အတွက် ပြောင်းလဲနိုင်ကြရန်သာဖြစ်တော့သည်။

မြန်မာရီဖေါ့(မ်)စာပေအဖွဲ့
(Myanmar Reformed Literature Association)

ပြန်လည်ပြုပြင်သော(ရီဖေါ့မ်)အသင်းတော်များ၏အုပ်ချုပ်ပုံစည်းမျဉ်းများ

### စာပိုဒ် (၁)

သခင်ခရစ်တော်၏အသင်းတော်၌ ကောင်းမွန်သောအစီအစဉ်ကျမှုထိန်းသိမ်းရန်- ဌာနများ၊ ညီ လာခံများ၊ အယူဝါဒကြီးကြပ်ကွက်ကဲခြင်း၊ ပွဲတော်မင်္ဂလာများ၊ ယုံကြည်ခြင်းနှင့်ဆိုင်သောအခန်းအနားများနှင့် ခရစ်ယာန်စည်းကမ်းကြပ်မတ်ခြင်းများ- စသည်တို့သည် မရှိမဖြစ်လိုအပ်ပါသည်။ ထိုကိစ္စတို့ကို အောက်ပါစာပိုဒ်တို့၌ အစီအစဉ်တကျ ရှင်းလင်းဖေါ်ပြထားပါသည်။

### ဌာနများ (Of the Offices)
### စာပိုဒ် (၂)

ဌာနလေးမျိုးရှိပါသည်။ ၄င်းတို့မှာ- နှုတ်ကပတ်တော်ဟောကြားသူသင်းအုပ်၊ သီဩလော်ဂျီသင် ကြားသူပရော်ဖက်ဆာ၊ အသင်းလူကြီးများနှင့်သင်းထောက်များ- စသည်တို့ဖြစ်ကြပါသည်။

### စာပုဒ် (၃)

အသင်းတော်၏ဥပဒေများနှင့်ညီညွတ်စွာ စေခိုင်းခံရခြင်းမရှိဘဲ၊ မည်သည့်သီဩလော်ဂျီပရော ဖက်ဆာဖြစ်စေ (သို့) အသင်းလူကြီးဖြစ်စေ၊ နှုတ်ကပတ်တော်ဟောကြားခြင်းအမှုနှင့်ပွဲတော်မင်္ဂလာများကျင်းပပေးခြင်းကို မပြုလုပ်ရ။ ဤဥပဒေကိုဆန့်ကျင်သူတယောက်အား ထပ်ခါတလဲလဲဆုံးမသော် လည်း၊ ပြုလုပ်ခြင်းမှမရပ်တန့်ပါက၊ ထိုသူအား သင်းခွဲသူတယောက်အဖြစ် ကလပ်ဆီး(စ်)ကကြေညာရ မည် (သို့) အခြားနည်းလမ်းတမျိုးမျိုးနှင့် ဒါဏ်ပေးရပါမည်။

### စာပိုဒ် (၄)

အမှုတော်ဆောင်မဖြစ်ဘူးသေးသူတယောက်အား တရားဝင်ခေါ်ယူခြင်းနှင့်ပတ်သက်၍ အောက်ပါ အချက်များ ပါဝင်ပါသည်။

ပထမအနေနှင့် ဆုတောင်းခြင်းများပြုလုပ်ပြီးနောက် ခွန်စစ္စတိုရီနှင့်သင်းထောက်များက ရွေးချယ် ခြင်းပြုရမည်။ ထိုသို့ပြုရာတွင် ဤရည်ရွယ်ချက်အတွက် ခွန်စစ္စတိုရီကချမှတ်ထားသောစည်းကမ်းများကို သေချာစွာလိုက်နာလျှက်ပြုရမည်။ ထို့အပြင် အသင်းတော်နှင့်ပတ်သက်သော ဓလေ့ထုံးတမ်းများကို လည်းလိုက်နာရမည်။ ထို့အပြင် ချမှတ်ထားသောဥပဒေများနှင့်အညီ အသင်းတော်များက နုတ်ကပတ် တော်ဟောကြားသူသင်းအုပ်ဖြစ်ထိုက်၏ဟု တရားဝင်ကြေညာထားသောသူကိုသာလျှင် ပထမအကြိမ် သင်းအုပ်အဖြစ်ခေါ်ယူရမည်။

ဒုတိယအနေနှင့် ကလပ်ဆီး(စ်)မှနေ၍ ထိုသင်းအုပ်အဖြစ်ခေါ်ခြင်းခံရသူကို အသက်တာအသက် ရှင်မှု၌၄င်း၊ အယူဝါဒနှင့်ဆိုင်သည်၌၄င်း၊ စာမေးပွဲစစ်ဆေးရမည်။ ထိုသို့စစ်ဆေးချိန်၌ခေါ်ခြင်းခံရသူက သူသည် သင်းအုပ်ဖြစ်နိုင်သူဖြစ်၏ဆိုသည့်ထောက်ခံချက်ကိုတင်ပြရမည်။ ထိုသို့တင်ပြရာ၌လည်း အ ထွေထွေညီလာခံကြီးကစေလွှတ်သော အနီးဆုံးကလပ်ဆီး(စ်)မှ ကိုယ်စားလှယ်သုံးဦးရှေ့၌တင်ပြရမည်။

တတိယအနေနှင့် အသင်းသားများကသဘောတူလက်ခံခြင်းဖြစ်သည်။ သဘောတူလက်ခံခြင်းဆို ရာ၌ အရွေးခံရသူသင်းအုပ်၏အမည်ကို အသင်းတော်၌ ရက်သတ္တပတ်နှစ်ပတ်ကြေညာပြီး၊ ဥပဒေနှင့် ညီသောကန့်ကွက်မှုမျိုးမရှိပါက လက်ခံခြင်းဖြစ်သည်။ သို့သော် မူလအစကပင် ရွေးချယ်ရန်တင်ပြထားသောအမည်များထဲမှ အသင်းတော်တခုလုံးကပါဝင်ရွေးချယ်ပြီးခေါ်ယူခြင်းဖြစ်လျှင် ထိုသို့ပြုစရာ မလို အပ်ပါ။

စတုတ⬇အနေနှင့် အသင်းတော်၏ရှေ့မှောက်၌ လက်တင်မင်္ဂလာပေးခြင်းဖြစ်သည်။ ထိုသို့ပြုရာ တွင် သင့်တော်သောစည်းကမ်းချက်များသတ်မှတ်ခြင်းနှင့် မေးခွန်းများမေးမြန်းခြင်း၊ ဆုံးမခြင်း၊ ဆု တောင်းပေးခြင်းများနှင့် အတူပြုလုပ်ရမည်။ ထို့အပြင် ထိုရည်ရွယ်ချက်အတွက် သတ်မှတ်ထားသောပုံစံ နှင့်အညီ ခန့်အပ်သူသင်းအုပ်(အကယ်၍ အခြားသင်းအုပ်များလည်းတက်ရောက်ပါက၊သူတို့လည်းလက် တင်ခြင်း၌ပါဝင်ရမည်)၏ လက်တင်မင်္ဂလာပေးခြင်းဖြင့်ခန့်အပ်ရမည်။

## စာပိုဒ် (၅)

နှုတ်ကပတ်တော်ဟောကြားခြင်းအမှုတော်မြတ်ကို ဆောင်ရွက်နေသူသင်းအုပ်အား အခြားဒေသ န္တရအသင်းတော်တခုက ခေါ်ယူသည်သည်ဆိုပါကလည်း၊ အထက်ကခေါ်ယူခြင်းပုံစံအတိုင်းပင် ခွန်စစ္စ တိုရီမှ ထိုရည်ရွယ်ချက်အတွက်ပြုလုပ်ထားသောဥပဒေများအတိုင်းဖြစ်မည်။ ထို့အပြင် ပရိုတက်စတင့် အသင်းတော်များ၏ပြင်ပအသင်းတော်၌ အမှုတော်ဆောင်သူသင်းအုပ်အားခေါ်ယူသည့်အခါ အသုံးပြု ရန်ပြုလုပ်ထားသည့် အသင်းတော်၏ဓလေ့ထုံးစံများအတိုင်းဖြစ်ရမည်။ ထို့အပြင် ဒေသန္တရအသင်းတော်တခုတည်း၌ပင် နေရာလစ်လပ်၍ ထိုအသင်းတော်၌ပင် အမှုတော်ဆောင်ဆဲသင်းအုပ်အား၊ နောက်တကြိမ်ခေါ်ယူလိုပါကလည်း ထိုသို့ပင်ပြုလုပ်ရမည်။ ထို့အပြင် ထိုသို့ခေါ်ယူရာ၌ ကလပ်ဆီး(စ်)မှခန့်အပ်ထားသည့် အကြံပေးပုဂ္ဂိုလ်၏အကြံပြုချက်အတိုင်းဖြစ်ရမည်။ ကလပ်ဆီး(စ်)၏ သဘောတူ ထောက်ခံချက်ဖြင့်၄င်း (သို့) ကလပ်ဆီး(စ်)မှခန့်အပ်ထားသည့်ကိုယ်စားလှယ်များ၏ သဘောတူ ထောက်ခံချက်များအားဖြင့်၄င်း ခေါ်ယူရမည်။ ခေါ်ခြင်းခံရသူသင်းအုပ်ကလည်း အယူဝါဒ၌၄င်း၊ အ သက်ရှင်မှု၌၄င်း ကောင်းမြတ်သူဖြစ်သည်ဆိုသည့် အသင်းတော်မှပေးအပ်သောသက်သေခံစာကို ပြသ နိုင်ရမည်။ ထို့အပြင် စာပိုဒ်(၄)၌ဖေါ်ပြခဲ့သလို ဆင့်ခေါ်သည့်ဒေသန္တရအသင်းတော်မှ အသင်းသားများ၏သဘောတူထောက်ခံချက်ကိုလည်းပြသနိုင်ရမည်။ ထိုအချက်များပြည့်စုံသောအခါ သင်းအုပ်အဖြစ် ခေါ်ခြင်းခံရသူသင်းအုပ်အား ထိုရည်ရွယ်ချက်အတွက်ပြုလုပ်ထားသောပုံစံနှင့်အညီ သင့်တော်သောမေးခွန်းများမေးခြင်း၊ ဆုတောင်းပေးခြင်းများနှင့်အတူခန့်အပ်ရပါမည်။

## စာပိုဒ် (၆)

ရှေ့တွင်ဖေါ်ပြထားသောစာပိုဒ်များနှင့်လျှော်ညီစွာ ရွေးဦးစွာမှပင် ခန့်အပ်ခံရခြင်းမရှိဘဲ၊ မည် သည့်သင်းအုပ်ဆရာမှ ကုသိုလ်ဖြစ်အဖွဲ့အစည်းများ (သို့) အလားတူအဖွဲ့အစည်းများ၌ ကိုယ့်သဘော နှင့်ကိုယ် အမှုဆောင်ခွင့်မရှိပါ။ ထိုသို့အမှုဆောင်ရန်ခန့်အပ်ထားခြင်းခံရပြီးလူဆိုပါကလည်း အခြားသင်းအုပ်များနှင့်တူညီစွာပင် အသင်းတော်အုပ်ချုပ်မှုပုံစံအောက်၌သာရှိနေရပါမည်။

## စာပိုဒ် (၇)

အသင်းတော်တိုးချဲ့တည်ဆောက်ရန် စေခိုင်းထားခြင်းခံရသူမှလွဲ၍၊ သတ်သတ်မှတ်မှတ်နေရာတ ခု၌ နေထိုင်ခြင်းမရှိသူကို နုတ်ကပတ်တော်ဟောကြားခြင်းအမှုထမ်းဆောင်ရန် မခေါ်ရပါ။

## စာပိုဒ် (၈)

နှုတ်ကပတ်တော်ဟောကြားခြင်းအမှုထမ်းရန်အတွက်ပြင်ဆင်သည့်အနေနှင့် ပုံမှန်ဓမ္မပညာသင် ကြားခြင်း မရှိသူတို့နှင့် စာပိုဒ်(၄)အရထိုက်တန်သူများဟု ကြေညာခြင်းမခံရသူများကို အမှုတော်အဖြစ် ခန့်အပ်ခြင်းမပြုရ။ အကယ်၍ ၄င်းတို့၌ သာမန်ထက်ထူးခြားသောဆုကျေးဇူးများ၊ ဘုရားတရားကိုင်းရှိုင်းခြင်း၊ နှိမ့်ချခြင်း၊ ကိုယ်နှုတ်သိက္ခာစောင့်စည်းခြင်း၊ စဉ်းစားဉာဏ်ရှိခြင်း၊ ဆင်ဆင်ခြင်ခြင်ရှိခြင်း၊ ထို့ အပြင် ပရိတ်သတ်ရှေ့၌ဟောပြောတတ်ခြင်း စသည့်အရည်အချင်းများရှိသည်ဟု သေချာစွာသိရှိမှသာ ခန့်အပ်ရမည်။ ထိုသို့သောပုဂ္ဂိုလ်များက မိမိတို့ဘာသာ အမှုတော်ဆောင်ဖြစ်ရန် တင်ပြလာသောအခါ၊ ကလပ်ဆီး(စ်)က(အထွေထွေညီလာခံ၏သဘောတူညီမှုဖြင့်) ထိုသူတို့ကို ပထမအနေနှင့် စစ်ဆေးမေးမြန်းရမည်။ ထို့နောက်

အသင်းတော်များကချမှတ်ထားသောဥပဒေများအတိုင်း၊ အားလုံးအတွက်အ ကောင်းဆုံးဖြစ်ရန် ကိုင်တွယ်ရပါမည်။

## စာပိုဒ် (၉)

သတ်မှတ်ထားသောနေရာ၌ တာဝန်ပေးခြင်းမခံရသူ တရားဟောဆရာများ (သို့) အခြားဂိုဏ်းဂ ဏတခုခုမှ ထွက်လာခဲ့သူဆရာများကို၊ အထွေထွေညီလာခံ၏ထောက်ခံမှုဖြင့် ကလပ်ဆီး(စ်)မှ သေချာ စွာစစ်ဆေးမေးမြန်းပြီး အမှုတော်ဆောင်ဖြစ်ထိုက်သည်ဟု ကြေညာချက်မပြုမခြင်း အသင်းတော်၏အမှု တော်ဆောင်အရာ၌ ခန့်အပ်ခြင်းမပြုရပါ။

## စာပိုဒ် (၁၀)

ဥပဒေနှင့်လျှော်ညီစွာ ခေါ်ခြင်းခံရသောသင်းအုပ်ဆရာသည် သူအမှုတော်ဆောင်နေရာမှ အခြားအသင်းတော်တခု၏ခေါ်ခြင်းကိုလက်ခံရန်၊ သင်းထောက်အပါအဝင် ခွန်စစ္စတိုရီ၏သဘောတူညီမှုမပါ ဘဲ၊ ကလပ်ဆီး(စ်)၏ သိနားလည်မှုမပါဘဲ၊ မိမိအမှုဆောင်နေရာဒေသန္တရအသင်းတော်မှနေ၍ ထွက်ခွာ ခြင်းမပြုရ။ ထို့အတူ ထိုသူကို အခြားအသင်းတော်ကလည်း သူအမှုတော်ဆောင်ခဲ့ရာအသင်းတော်နှင့် ကလပ်ဆီး(စ်)မှပေးအပ်သော ထွက်သွားခွင့်စာလွှာကို မပေးနိုင်သေးသ၍ လက်ခံခြင်းမပြုရ။

## စာပိုဒ် (၁၁)

တဖက်တွင်လည်း ခွန်စစ္စတိုရီသည် အသင်းတော်တခုလုံး၏ ကိုယ်စားလှယ်ဖြစ်သည်နှင့်အညီ၊ မိ မိ၏သင်းအုပ်ဆရာများကို ကောင်းမွန်သောထောက်ပံ့မှုပေးရန် တာဝန်ရှိသည်။ ထို့အပြင် သင်းအုပ်များကို အမှုတော်ဆောင်နေရာမှ ကလပ်ဆီး(စ်)နှင့် အထွေထွေညီလာခံ၏ကိုယ်စားလှယ်များ၏ သိရှိခြင်းနှင့်သဘောတူခြင်းမရှိဘဲ၊ ရပ်ဆိုင်းမပစ်ရပါ။

## စာပိုဒ် (၁၂)

အထက်ကဖော်ပြခဲ့သည့်အတိုင်း တရားဝင်ခေါ်ခြင်းခံရသော နုတ်ကပတ်တော်ဟောကြားသူသင်းအုပ်သည် အသင်းတော်၌တသက်လုံးအမှုတော်ဆောင်ရန် တုတ်နှောင်ခြင်းခံရ၏။ လောကီအလုပ်များအား ပြန်၍လုပ်ကိုင်ခြင်းအခွင့်ကို ပေးသင့်ပါသည်ဆိုသည့် ကြီးမားသောအကျိုးအကြောင်းကိုတွေ့ လျှက်၊ ထိုအကြောင်းအရင်းအား ကလပ်ဆီး(စ်)၏မှန်သည်ဟုထောက်ခံချက်ကို မရသေးသ၍မပေးရပါ။

## စာပိုဒ် (၁၃)

အသက်အရွယ်ကြီးရင်း၍၄င်း၊ ဖျားနာ၍၄င်း (သို့) အခြားအကြောင်းအရင်းတခုခုကြောင့်၄င်း မိမိ တို့ဌာန၏တာဝန်များကို မစွမ်းဆောင်နိုင်ကြတော့သည့် သင်းအုပ်များသည်၊ ထိုသို့စွမ်းဆောင်ရန် ခွန် အားမရှိကြတော့သော်လည်း သင်းအုပ်ဆိုသောဂုဏ်သိက္ခာနှင့်နာမကို ဆက်လက်ရရှိကြပါမည်။ ထို့အ ပြင်သူတို့အမှုတော်ဆောင်ခဲ့သောအသင်းတော်များကသူတို့၏လိုအပ်ချက်များကိုလေးစားစွာနှင့်ထောက် ပံ့ရမည်(ထို့အတူ သင်းအုပ်တို့ကွယ်လွန်သဖြင့် ကျန်ရစ်ခဲ့သော သင်းအုပ်တို့၏မုဆိုးမနှင့်မိဘမဲ့များကို လည်း ထောက်ပံ့ရမည်)။ ထိုသို့ထောက်ပံ့ရန်အတွက် အသင်းတော်နှင့်ဆိုင်သောထုံးစံများအရ အသင်းတော်များက ရန်ပုံငွေအဖြစ်ထားရှိသောငွေမှ ထောက်ပံ့ရမည်။

## စာပိုဒ် (၁၄)

အထက်ကဖော်ပြခဲ့သောအကြောင်းကြောင့်၄င်း (သို့) အခြားအကြောင်းကြောင့်၄င်း ခွန်စစ္စတိုရီ၏ အကြံပေးချက်အတိုင်း မိမိတာဝန်မှခေတ္တရပ်ဆိုင်းခြင်းခံရသူသင်းအုပ်သည် သူအမှုတော်ဆောင်နေခဲ့ သောအသင်းတော်၏ ခေါ်ထားခြင်းအောက်၌ အမြဲပင်ရှိနေပါမည်။

## စာပိုဒ် (၁၅)

မိမိဒေသန္တရအသင်းတော်၏ အမှုဆောင်ခြင်းကို၄င်း (သို့) နေရာသတ်သတ်မှတ်မှတ်ခိုင်းခြင်းမခံ ရသူဆရာတို့ကို ကလပ်ဆီး(စ်) (သို့) အထွေထွေညီလာခံ၏ သဘောတူညီမှုနှင့် စေခိုင်းမှုမရှိဘဲ၊ ခွဲခြားခြင်းမရှိဘဲ မည်သူကမျှတရားဟေယခွင့်ကိုမပေးရ။ ထို့အတူ ဒေသန္တရအသင်းတော်တခု၏ ခွန်စစ္စတိုရီ၏သဘောတူချက်မရှိဘဲ မည်သူတဦးတယောက်ကမျှ ထိုအသင်းတော်၌ တရားဟောခြင်း၊ ပွဲတော်မင်္ဂလာကျင်းပခြင်းတို့ကို အခွင့်မပေးရ။

## စာပိုဒ် (၁၆)

သင်းအုပ်ဆရာ၏တာဝန်တို့မှာ ဆုတောင်းခြင်း၊ တရားဟောခြင်းတို့အထဲ၌ အမြဲတမ်းနေထိုင်ခြင်း၊ ပွဲတော်မင်္ဂလာများစီမံခြင်း၊ သူ၏ညီအကိုများဖြစ်သော အသင်းလူကြီး၊ သင်းထောက်များကို ကြည့်ရှု စောင့်ရှောက်ခြင်း၊ ထို့အတူ ဒေသန္တရအသင်းတော်တခုလုံးကိုကြည့်ရှုစောင့်ရှောက်ခြင်း၊ နောက်ဆုံးအ နေနှင့် အသင်းလူကြီးများနှင့်အတူ အသင်းတော်စည်းကမ်းထိန်းသိမ်းခြင်းကိုလက်တွေ့ဖေါ်ဆောင်ခြင်း၊ အရာခပ်သိမ်းကို စနစ်တကျစည်းကမ်းရှိစွာပြုလုပ်ကြပါသလားဆိုသည်ကို

ကြည့်ရှုစောင့်ရှောက်ခြင်းတို့ ဖြစ်သည်။

## စာပိုဒ် (၁၇)

သင်းအုပ်များအကြားတွင် ၎င်းတို့၏ဌာနတာဝန်များနှင့်ပတ်သက်လျှက် တန်းတူညီမျှမှုကိုထိန်းသိမ်းရမည်။ အခြားကိစ္စများတွင်လည်း ဖြစ်နိုင်သမျှအတိုင်းအတာထိ တန်းတူညီမျှမှုကို ခွန်စစ္စတိုရီ၏ ဆုံးဖြတ်ချက်အတိုင်း၊ လိုအပ်ပါက ကလပ်ဆီး(စ်)၏ဆုံးဖြတ်ချက်အတိုင်း ကျင့်သုံးရမည်။ ထိုသို့သော တန်းတူညီမျှမှုကို အသင်းလူကြီးများအကြားနှင့်သင်းထောက်များကြားတွင်လည်းကျင့်သုံးရမည်။

## စာပိုဒ် (၁၈)

ပရောဖက်ဆာ(ကျမ်းစာကျောင်းဆရာ)များဌာန၏တာဝန်သည် သန့်ရှင်းသောသမ္မာကျမ်းစာကိုအ သေးစိတ်ရှင်းလင်းသင်ကြားရန်၊ အယူဝါဒအမှားများနှင့်မှားယွင်းမှုများကိုဆန့်ကျင်လျှက် စစ်မှန်သော အယူဝါဒကို ရှင်းလင်းဖေါ်ပြရန်ဖြစ်သည်။

## စာပိုဒ် (၁၉)

အသင်းတော်များက လိုအပ်ချက်နှင့်အညီ၊ သင်းအုပ်ဆရာများဖြစ်လာဖို့ရန် ၎င်းတို့၏ထောက်ပံ့မှု ဖြင့်ပညာသင်ကြသော ကျမ်းစာကျောင်းသားများရှိနိုင်ဖို့ရန် ကြိုးစားအားထုတ်ရမည်။

## စာပိုဒ် (၂၀)

သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်ညီစွာ လက်ခံခြင်းခံရသောကျမ်းစာကျောင်းသားနှင့် စာပိုဒ်(၈)အရ သင်းအုပ်ဆရာဖြစ်ထိုက်သည်ဟု ဆုံးဖြတ်သတ်မှတ်ခြင်းခံရသူတို့ကို၊ လက်တွေ့လေ့ကျင့် ရန်အတွက်၎င်း၊ ဒေသန္တရအသင်းတော်များနှင့်ရင်းနှီးမှုရရန်အတွက်၎င်း၊ ဝတ်ပြုအစည်းအဝေးများတွင် ခွန်အားပေးခြင်းများကို ခွင့်ပြုကြရပါမည်။

## စာပိုဒ် (၂၁)

မိဘတို့က မိမိတို့၏ကလေးများကို ပဋိညာဉ်တရား၏တောင်းဆိုမှုအတိုင်း သွန်သင်ရန်အတွက် ကောင်း မွန်သောခရစ်ယာန်ကျောင်းများရှိရန် ခွန်စစ္စတိုရီကကြည့်ရှုရမည်။

## စာပိုဒ် (၂၂)

အသင်းလူကြီးများကို ခွန်စစ္စတိုရီနှင့်သင်းထောက်များ၏ဆုံးဖြတ်ချက်အတိုင်း ရွေးချယ်ရမည်။ ထို သို့ရွေးချယ်သည့်အခါ ထိုရည်ရွယ်ချက်အတွက် ခွန်စစ္စတိုရီကသတ်မှတ်ထားသော နည်းဥပဒေများအ တိုင်းဖြစ်ရမည်။ ထိုနည်းဥပဒေများပြုလုပ်ရန် ဒေသန္တရအသင်းတော်များသည် အခြေအနေအရပြုလုပ် ရန် လွတ်လပ်မှုရှိကြပါသည်။ အသင်းသူ/သားများကို မည်သူတို့သည်အသင်းလူကြီးဖြစ်ထိုက်သနည်း ဆိုသည့်ပြည့်နှန်ခြင်းအခွင့်အရေးကိုပေးရပါမည်။ ထိုသို့ဖြင့် ခွန်စစ္စတိုရီက အသင်းသူ/သားများထံသို့ လို အပ်နေသောအသင်းလူကြီးအရည်အတွက်ကိုတင်ပြလျှက် ရွေးချယ်စေရပါမည်။ အသင်းသူ/သားများ ကရွေးချယ်ပြီးသောအခါ၊ အကယ်၍ ကန့်ကွက်ခြင်းတခုမျှ မပေါ်လာပါက၊ ထိုရွေးချယ်ထားသောသူတို့ ကို လူထုရှေ့၌ဆုတောင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့ဖြင့် အသင်းလူကြီးအဖြစ် ခန့်အပ်ရပါမည်။ နောက်ရွေးချယ်နည်းတခုမှာ ခွန်စစ္စတိုရီက လိုအပ်နေသောအသင်းလူကြီး အရေအတွက်၏နှစ်ဆကို ဒေသန္တရအသင်းတော်သို့တင်ပြရမည်။ ထိုနှစ်ဆသောလူဦးရေမှ လိုအပ်သောတဆကိုရွေးချယ်လျှက်အ ထက်ဖေါ်ပြပါနည်းအတိုင်း၊ ထိုရည်ရွယ်ချက်အတွက်ပြုလုပ်ထားသောပုံစံအတိုင်း ခန့်အပ်ရမည်။

## စာပိုဒ် (၂၃)

စာပိုဒ်(၁၆)တွင်ဖေါ်ပြထားသောတာဝန်များအပြင် အသင်းလူကြီးတို့၏ သင်းအုပ်နှင့်ပတ်သက်၍ လုပ်ဆောင်ရမည့်တာဝန်များမှာ မိမိ၏လုပ်ဖေါ်ဆောင်ဖက်အသင်းလူကြီးများ၊ သင်းထောက်များနှင့်အ တူ သင်းအုပ်များသည် မိမိတို့ဌာန၏တာဝန်များကို သစ္စာရှိစွာဆောင်ရွက်ခြင်းရှိမရှိ ကြည့်ရှုရမည်။ သ ခင်ဘုရား၏ညစာပွဲတော်မကျင်းပမီနှင့်ကျင်းပပြီးအချိန်တို့တွင်၊ အချိန်နှင့်အခြေအနေကတောင်းဆိုလျှင် တောင်းဆိုသလို အသင်းတော်များ၏ဝိညာဉ်ခွန်အားတိုးတက်ရန် ဒေသန္တရအသင်းတော်၏အသင်းသားအိမ်များကို လည်ပတ်ခြင်းပြုကြရမည်။ အထူးသဖြင့် နှစ်သိမ့်မှုပေးရန်နှင့် သွန်သင်မှုပေးရန်အတွက် လည်ပတ်ရခြင်းဖြစ်သည်။ ထို့အပြင် အခြားသူများကိုလည်း ခရစ်ယာန်ဘာသာရေးနှင့်ပတ်သက်၍တိုက် တွန်းဆုံးမရမည်။

## စာပိုဒ် (၂၄)

သင်းထောက်များကိုလည်း အသင်းလူကြီးများရွေးချယ်ပုံဖေါ်ပြထားသည့်နည်းအတိုင်း ရွေးချယ် အတည်ပြု ခန့်အပ်ရပါမည်။

## စာပိုဒ် (၂၅)

သင်းထောက်များ၏ထူးခြားချက်မှာ အလှူငွေနှင့်အခြားသောချစ်ခြင်းမေတ္တာဖြင့် ထည့်ဝင်ကြသည့် အလှူငွေတို့ကို ကြိုးစားဖွဲ့ရှိစွာ စုဆောင်းခြင်း၊ ထို့နောက် သင်းထောက်များတွေ့စုံစည်းဝေးလျှက်၊ ထို ကောက်ခံရရှိသည့်အလှူငွေများကို ဆင်းရဲသူများထံ ၄င်းတို့၏လိုအပ်ချက်နှင့်အညီ သစ္စာရှိစွာ၊ ကြိုးစားဖွဲ့ရှိစွာ ဖြန့်ဝေခြင်း၊ စိတ်ဓါတ်ကျနေသူများထံလည်ပတ်၍ နှစ်သိမ့်မှုပေးခြင်း၊ အလှူငွေများကို အလဟဿမဖြုန်းတီးရန်ထိန်းသိမ်းခြင်းတို့ဖြစ်သည်။ ထိုစာရင်းထိန်းခြင်းကို ခွန်စစ္စတိုရီသို့လည်းတင်ပြရ မည်။ ထိုသို့တင်ပြခြင်းသည် ခွန်စစ္စတိုရီကလိုအပ်သည်ဟုယူဆသောအချိန်တွင်ဖြစ်သည်။

## စာပိုဒ် (၂၆)

အခြားအသင်းအဖွဲ့တို့ကလည်း ဆင်းရဲသူများကိုကူညီကြသောအရပ်ဒေသတို့၌မူ၊ သင်းထောက် တို့သည် ထိုသူတို့နှင့်အတူ သဘောတူနားလည်မှုကိုရယူလျှက် အဆုံးသတ်တွင်၊ အလှူငွေများကို အလို အပ်ဆုံးသောသူတို့၌ အကောင်းဆုံးဖြန့်ဝေနိုင်ရန် လုပ်ကိုင်ရမည်။ ထို့အပြင် ဆင်းရဲသူများအတွက် ထို သို့သော ဂရုဏာအဖွဲ့အစည်းများကို ကောင်းမွန်စွာအသုံးပြုရမည်။ ထိုရည်ရွယ်ချက်ပြည့်မြောက်ရန်အ တွက် သင်းထောက်တို့နှင့်ထိုသို့သောအဖွဲ့အစည်းများ၏ ဘုတ်အဖွဲ့ဝင်များကို သူတို့နှင့်အတူ လက်တွဲ လုပ်ဆောင်ကြပါရန် ပန်ကြားရပါမည်။ သင်းထောက်အဖွဲ့ အစည်းများအချင်းချင်း အကူပေးခြင်း၊ တဦးကိုတဦးအကြံပေးခြင်းများသည် ဖြစ်သင့်သောအရာများဖြစ်၏။ အထူးသဖြင့် အထက်ကဖေါ်ပြခဲ့သော အဖွဲ့အစည်းများအတွင်းရှိဆင်းရဲသူများကို ကူညီရသည့်အခါမျိုးတွင်ဖြစ် သည်။

## စာပိုဒ် (၂၇)

အသင်းလူကြီးနှင့်သင်းထောက်များတို့သည် (၂)နှစ်(သို့)ထို့ထက်ပိုသောနှစ်အကန့်အသတ်တို့ဖြင့် ဒေသန္တရအသင်းတော်၏ဥပဒေသများအတိုင်း အမှုတော်ဆောင်ရမည်။ နှစ်စဉ်နှစ်တိုင်း အချို့တို့ကို အ ငြိမ်းစားပေးရမည်။ ၄င်းတို့ကို အခြားသူများကဆက်ခံကြရမည်။ သို့သော် အခြေအနေအရ၄င်း၊ အ သင်းတော်အတွက်ပို၍ကောင်းမွန်ရန်အတွက်၄င်း၊ စာပိုဒ်(၂၂)နှင့်(၂၄)တို့ကို အကောင်အထည်ဖေါ်ရာ ၌၄င်း ရွေးပြီးသူများအား ပြန်၍ရွေးခြင်းမျိုးကို ပြုလုပ်သင့်ပါသည်။

## စာပိုဒ် (၂၈)

အသင်းတော်များအား ခွန်စစ္စတိုရီကစောင့်ရှောက်ရာတွင် အသင်းတော်တို့သည် မိမိတို့၏ပစ္စည်းဥစ္စာများကိုပိုင်ဆိုင်နိုင်ရန်၊ မိမိတို့၏ဝတ်ပြုစည်းဝေးခြင်းများကို ငြိမ်းချမ်းစွာစနစ်တကျပြုလုပ်နိုင်ကြမည် အကြောင်း၊ အာဏာပိုင်တို့ထံမှ ကွယ်ကာစောင့်ရှောက်ခြင်းကိုရယူနိုင်သည်။ သို့သော် ငြိမ်းချမ်းမှုရှိရန် နှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်ရန်သက်သက်အတွက်နှင့်တော့ ခရစ်တော်အပေါ်သစ္စာရှိသောအစိုးရအား၊ ခရစ် တော်၏အသင်းတော်အပေါ် အနည်းငယ်ကလေးမျှပင် အခွင့်အရေးကျူးကျော်ခြင်းကိုပင် လက်မခံသင့် ပါ။

## အသင်းတော်နှင့်ဆိုင်သောအထွေထွေညီလာခံများအကြောင်း
## (Of the Ecclesiastical Assemblies)

## စာပိုဒ် (၂၉)

လေးမျိုးသော အသင်းတော်နှင့်ဆိုင်သည့်ညီလာခံကို ထိန်းသိမ်းရမည်။ ၄င်းတို့မှာ ခွန်စစ္စတိုရီ၊ က လပ်ဆီး(စ်)၊ (ပြည်နယ်တခုနှင့်သာဆိုင်သောအထွေထွေညီလာခံ)နှင့်၊ အထွေထွေညီလာခံကြီး စသည် တို့ဖြစ်သည်။

## စာပိုဒ် (၃၀)

ညီလာခံများတွင် အသင်းတော်နှင့်သက်ဆိုင်သောအကြောင်းအရာများကိုသာ ဆွေးနွေးဆုံးဖြတ် ကြရမည်။ ဆွေးနွေးကြသည့်အခါ၌လည်း အသင်းတော်နည်းလမ်းများအတိုင်းဖြစ်ရမည်။ ပို၍ကျယ်ပြန့် သောညီလာခံများတွင် သေးငယ်သောညီလာခံများ၌မပြီးပြတ်နိုင်သည်များကိုသာ ဆွေးနွေးရမည် (သို့) ကျယ်ပြန့်သောညီလာခံ၏ အသင်းတော်များအားလုံးနှင့်သက်ဆိုင်သည့်အရာများကိုသာဆွေးနွေးရမည်။

## စာပိုဒ် (၃၁)

အကယ်၍ တစုံတဦးသည် မိမိအားသေးငယ်သောညီလာခံဆုံးဖြတ်ချက်က မှားယွင်းစွာအရေးယူ သည်ဟု တိုင်တန်းလာပါက၊ ထိုသူသည် ပို၍ကျယ်ပြန့်သောညီလာခံသို့အယူခံဝင်ရန် အခွင့်အရေးရှိပါ သည်။ ထိုအကြောင်းကို ညီလာခံ၌ဆွေးနွေးသည့်အခါ၌လည်း ပို၍များသောမဲအရေအတွက်နှင့် ဆုံး ဖြတ်ချက်ချမှတ်ရပါမည်။ အကယ်၍ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်၄င်း (သို့) အသင်းတော်အုပ် ချုပ်ပုံစည်းမျဉ်းစာပိုဒ်များအရ၄င်း မှားယွင်းသည်ဟုသက်သေပြနိုင်မှသာ မဲမများသော်လည်း မှန်ကန် သည်ဟုဆုံးဖြတ်နိုင်ပါမည်။ ထိုစည်းကမ်းဥပဒေများသည်လည်း အထွေထွေညီလာခံကြီးက မပြောင်းလဲ ပစ်သ၍ အတည်ဖြစ်နေပါမည်။

## **စာပိုဒ် (၃၂)**

ညီလာခံများအားလုံးပြုလုပ်ရာတွင်၊ ဘုရားသခင်၏နာမတော်အားတိုင်တည်ဆုတောင်းခြင်းဖြင့် အစ ပျိုးရမည်။ ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် အဆုံးသတ်ရမည်။

## **စာပိုဒ် (၃၃)**

ညီလာခံသို့တက်ရောက်သူကိုယ်စားလှယ်အားလုံးသည် မိမိတို့နှင့်အတူ စေလွှတ်သူတို့ကလက် မှတ်ထိုးလျှက် ခန့်အပ်ထားသောစေခိုင်းစာလွှာ၊ ခန့်အပ်စာလွှာတို့ကို ညီလာခံသို့ယူဆောင်လာရမည်။ ကိုယ်စားလှယ်တို့သည် မိမိတို့အကြောင်းနှင့်၄င်း၊ မိမိတို့ကိုယ်စားပြုသောအသင်းတော်နှင့်ပတ်သက်၍ ၄င်း ပြောဆိုသည့်အရာများမှလွဲ၍ ကျန်သည့်အရာများအားလုံး၌ မဲပေးခွင့်ရှိကြပါသည်။

## **စာပိုဒ် (၃၄)**

ညီလာခံများအားလုံး၌ သဘာပတိသာရှိရမည်မဟုတ်ပါ၊ အရေးကြီးသောအရာအားလုံးကို သစ္စာ ရှိစွာမှတ်တမ်းတင်ထားရန် မှတ်တမ်းတင်သူလည်းရှိရပါမည်။

## **စာပိုဒ် (၃၅)**

သဘာပတိ၏တာဝန်မှာ ဆွေးနွေးရမည့်အချက်များကိုတင်ပြခြင်း၊ ရှင်းလင်းခြင်း၊ အစည်းအဝေးသို့တက်ရောက်သူတိုင်း ကောင်းမွန်စွာပြောဆိုဆွေးနွေးခြင်းရှိမရှိကို ကြည့်ရှုခြင်း၊ ပြင်းထန်စွာပြောဆိုသူ များကို တိတ်ဆိတ်စေခြင်း၊ ထိုသို့တိတ်ဆိတ်စေခြင်းကို နားမထောင်သောသူတို့အား ကောင်းမွန်စွာအ ရေးယူခြင်း စသည်တို့ဖြစ်သည်။ ထို့နောက် ညီလာခံအဆုံးသတ်သောအခါ သဘာပတိ၏တာဝန်သည် လည်း ပြီးဆုံးမည်ဖြစ်သည်။

## **စာပိုဒ် (၃၆)**

အထွေထွေညီလာခံကြီးက သီးသန့်ညီလာခံအပေါ်ရှိသော တရားစီရင်ခြင်းမျိုးကို သီးသန့်ညီလာခံ ကလည်း ကလပ်ဆီး(စ်)အပေါ်ရှိပါသည်။ ထိုနည်းတူတရားစီရင်မှုမျိုးကို ကလပ်ဆီး(စ်)ကလည်း ခွန်စစ္စ တိုရီအပေါ်ရှိနေပါသည်။

## **စာပိုဒ် (၃၇)**

အသင်းတော်အားလုံး၌ သင်းအုပ်ဆရာများနှင့်အသင်းလူကြီးများတို့ ပါဝင်ဖွဲ့စည်းထားသော ခွန် စစ္စတိုရီ တခုစီရှိရပါမည်။ ပုံမှန်အားဖြင့် ကြီးမားသောအသင်းတော်များတွင် တပတ်တကြိမ်တွေ့စုံစည်းဝေးလေ့ရှိသည်။ သင်းအုပ်ဆရာက(အကယ်၍တယောက်မကရှိပါကတလှည့်စီ)ထိုအစည်းအဝေးကို သ ဘာပတိအဖြစ်ဦးဆောင်ရမည်။ အသင်းလူကြီးအရေအတွက်နည်းပါးသော အသင်းတော်များ၌မူ သင်းထောက်များအား ခွန်စစ္စတိုရီ၌ပါဝင်ရန် ဒေသန္တရအသင်းတော်ကဆုံးဖြတ်နိုင်သည်။ ၄င်းအတွက်ဥပဒေ မှာ အသင်းလူကြီး သုံးယောက်ထက်နည်းလျှင်ဖြစ် သည်။

## **စာပိုဒ် (၃၈)**

ခွန်စစ္စတိုရီအား ပထမဆုံးအကြိမ်စတင်ဖွဲ့စည်းမည်ဆိုပါက ကလပ်ဆီး(စ်)၏အကြံပြုချက်မပါဘဲ မပြုလုပ်ရပါ။

## **စာပိုဒ် (၃၉)**

ခွန်စစ္စတိုရီမဖွဲ့စည်းနိုင်သေးသည့်နေရာများကို အနီးဆုံးခွန်စစ္စတိုရီ၏ စောင့်ရှောက်မှုအောက်၌ ထားရှိရမည်။

## **စာပိုဒ် (၄၀)**

သင်းထောက်တို့သည် လိုအပ်သည့်အချိန်တိုင်း၌ စည်းဝေးရမည်။ ထို့အပြင် တပတ်လျှင်တကြိမ် ၄င်းတို့အမှုတော်ဆောင်ဌာနတွင်

ပါဝင်သည့်အကြောင်းအရာများကိုဖေါ်ဆောင်ရန် စည်းဝေးရမည်။ထို အစည်းအဝေးများကို သင်းအုပ်တို့ကဂရုစိုက်ရမည်။ လိုအပ်ပါက ကိုယ်တိုင်တက်ရောက်ရမည်။

## စာပိုဒ် (၄၁)

ကလပ်ဆီး(စ်)နှင့်ဆိုင်သောအစည်းအဝေးများကို အိမ်နီးချင်းအသင်းတော်မှ လေးစားထိုက်သော ကိုယ်စားလှယ်များဖြစ်သည့် သင်းအုပ်ဆရာတယောက်၊ အသင်းလူကြီးတယောက်တို့ကို သင့်တော်သော ခန့်အပ်လွှာများနှင့်အတူ ယခင်ကလပ်ဆီး(စ်)အစည်းအဝေးကသတ်မှတ်သောအချိန်နှင့်နေရာတွင် ကျင်းပရမည်။ ထိုသို့သော်အစည်း အဝေးကို အနည်းဆုံး(၃)လတကြိမ်ကျင်းပရမည်။ အသင်းတော်များတည်နေရာ တခုနှင့်တခုကွာဝေးလွန်းသဖြင့် မဖြစ်နိုင်လွန်းက ထို့ထက်လျှော့ကျနိုင်ပါမည်။ ဤအစည်း အဝေးများတွင် သင်းအုပ်များကအလှည့်ကျဖြင့် သဘာပတိလုပ်ကြရမည်။ (သို့) သင်းအုပ်တဦးကို သဘာပတိအဖြစ်ရွေးချယ်ရမည်။ သို့သော် တဦးတည်းသော သင်းအုပ်ကို (၂)ကြိမ်ဆက်တိုက်မရွေးချယ်ရ။

ထို့အပြင် သဘာပတိက အခြားအကြောင်းအရာများနှင့်အတူ တက်ရောက်ကြသောအသင်းတော် တခုစီမှ ကိုယ်စားလှယ်များအား ဤမေးခွန်းများကိုမေးရမည် -

ခွန်စစ္စတိုရီအစည်းအဝေးများကို သင်တို့အသင်းတော်၌ ပြုလုပ်ကြပါသလား။

အသင်းတော်စည်းကမ်းထိန်းသိမ်းခြင်းကို လက်တွေ့ကျင့်သုံးပါသလား။

ဆင်းရဲသူများကိုကြည့်ရှုပါသလား၊ ခရစ်ယာန်ကျောင်းများကို ကြည့်ရှုပါသလား။

သင်တို့အသင်းတော်၌ ကောင်းမွန်စွာအုပ်ချုပ်နိုင်ရေးအတွက် ကလပ်ဆီး(စ်)၏အကူအညီနှင့်ဆုံးဖြတ်ပေးမှုလိုအပ်ပါသလား။

နောက်ဆုံးအနေနှင့် တနှစ်၏နောက်ဆုံးအစည်းအဝေးတွင်၊ လိုအပ်ပါက (သီးသန့်)အထွေထွေညီ လာခံကြီးမကျင်းပမီ နောက်ဆုံးပြုလုပ်သောကလပ်ဆီး(စ်)အစည်းအဝေး၌ ထိုအထွေထွေညီလာခံသို့ တက်ရောက်ကြမည့် ကိုယ်စားလှယ်တို့ကို ရွေးချယ်ကြရပါမည်။

## စာပိုဒ် (၄၂)

သင်းအုပ်တဦးမကရှိသောအသင်းတော်၌ အခက်ဖေါ်ပြပါစာပိုဒ်အတိုင်း၊ ကိုယ်စားလှယ်အဖြစ်စေ လွှတ်ခံရခြင်းမရှိသူသင်းအုပ်တို့လည်းကလပ်ဆီး(စ်)အစည်းအဝေးသို့အကြံပေးမဲပေးခွင့်နှင့်တက်ရောက် နိုင်ကြသည်။

## စာပိုဒ် (၄၃)

ကလပ်ဆီး(စ်)အစည်းအဝေးနှင့် အခြားကျယ်ပြန့်သောအစည်းအဝေးတို့၏အဆုံးသတ်တွင်၊ စည်းဝေးနေစဉ်ကာလအတွင်း ဆုံးမခံထိုက်သောအပြုအမူကိုပြုခဲ့သူများ (သို့) သာ၍ငယ်ညီလာခံများ၏ဆုံးမမှုကို မထီမဲ့မြင်ပြုကြသူများကို အပြစ်တင်ဆုံးမခြင်းပြုလုပ်ရမည်။

## စာပိုဒ် (၄၄)

ကလပ်ဆီး(စ်)က မိမိတို့အတွင်းရှိနေသည့်သင်းအုပ်များထဲမှ အသက်အကြီးဆုံးသော၊ အတွေ့အ ကြုံအရှိဆုံးသော၊ အသင့်တော်ဆုံးသောသင်းအုပ်(၂)ဦးကိုကလပ်ဆီး(စ်)အတွင်းရှိအသင်းတော်အားလုံး သို့ တနှစ်တကြိမ်အလည်အပတ်ပြုရန် စေလွှတ်ရမည်။ ထိုသို့စေလွှတ်ခြင်းသည် အသင်းတော်တို့ရှိသင်းအုပ်များနှင့် ခွန်စစ္စတိုရီများက မိမိတို့ဌာန၏တာဝန်များကို သစ္စာရှိစွာလုပ်ကိုင်ဆောင်ရွက်ခြင်း ရှိမရှိကို ၄င်း၊ လက်ခံထားသောအုပ်ချုပ်ပုံစည်းမျဉ်းများကို လိုက်နာခြင်းရှိမရှိကို၄င်း၊ မိမိတို့ထံရှိနေသည့် လုပ်နိုင် သမျှအတိုင်းအတာအတွင်း မှန်ကန်စွာမြင့်တင်ခြင်း ရှိမရှိကို၄င်း၊ စကားအားဖြင့်ဖြစ်စေ၊ လက်တွေ့အားဖြင့်ဖြစ်စေ၊ ဒေသန္တရအသင်း တော်တိုးတက်ရန် တည်ဆောက်ခြင်း ရှိမရှိကို၄င်း၊ အထူးသဖြင့် အသင်းတော်၏လူငယ်များကို စောင့်ရှောက်ခြင်းရှိမရှိကို၄င်း ကြည့်ရှုရန်ဖြစ်သည်။ အဆုံးသတ်တွင် ၄င်းအကြောင်းအရာတို့အားဆောင်ရွက်ရာ၌ လိုအပ်နေသူများကို ညီအကိုကြားဆုံးမသည့်ပုံစံဖြင့် ပြောဆိုဆုံးမရမည်။ အရာခပ်သိမ်းသည် အသင်းတော်များအတွက် ကြီးမားသောတိုးတက်မှုဖြစ်စေရန်၊ တည် ဆောက်စရာဖြစ်စေရန်၊ ငြိမ်သက်ခြင်းရစေရန် ၄င်းတို့၏အကြံပေးချက်နှင့်အကူအညီတို့ဖြင့်ဆောင်ရွက် ရပါမည်။ ထို့အပြင် ကလပ်ဆီး(စ်)တိုင်းက ထိုသို့ ၄င်းတို့စေလွှတ်သော အလည်အပတ်ပြုသူများကိုသင့် တော်သည်ဆိုသောအချိန်အထိ ထိုအမှုကိုဆက်၍ဆောင်ရွက်စေရပါမည်။ ထိုသို့စေလွှတ်ခံရသူများကို၌ က အနားယူခွင့်ကို ကျိုးကြောင်းပြ၍တောင်းဆိုလာပါမှ ကလပ်ဆီး(စ်)က ဆုံးဖြတ်မှုကိုပြုရပါမည်။

## စာပိုဒ် (၄၅)

ယခင်ကကျင်းပခဲ့သည့် အစည်းအဝေးမှတ်တမ်းများနှင့် စည်းဝေးမည့်အချက်အလက်များကို ဖြည့် စည်းပေးရသည့်တာဝန်သည် ကလပ်ဆီး(စ်)အစည်းအဝေးကျင်းပရာ၊ ထို့အတူ သီးသန့် (သို့)အထွေထွေ ညီလာခံကြီးကျင်းပရာ ဒေသန္တရအသင်းတော်တာဝန်ဖြစ်သည်။

## စာပိုဒ် (၄၆)

ကြီးမားသောညီလာခံများတွင် ဆုံးဖြတ်စရာအကြောင်းတခုကိုတွေ့ရသောအခါ၊ တကြိမ်ဆုံးဖြတ် ပြီးသားကို ထပ်မံပြုလုပ်မိခြင်းမရှိရန်အတွက် ထိုကိစ္စနှင့်ပတ်သက်၍ ယခင်ညီလာခံများက မည်သို့ဆုံးဖြတ်ခဲ့သနည်းဆိုသည်ကို မဖတ်ကြားခင် မှတ်တမ်းတင်ခြင်းမပြုရပါ။ ပြန်၍ပြုပြင်စရာလိုအပ်သည်ဟု ထင်မြင်မှသာ မှတ်တမ်းတင်ရမည်။

**စာပိုဒ် (၄၇)**

နီးကပ်စွာရှိနေကြသော ကလပ်ဆီး(စ်) လေးခုငါးခု (သို့) ထို့ထက်ပိုသောကလပ်ဆီး(စ်)တို့သည် သီးသန့်အထွေထွေညီလာခံအဖြစ် နှစ်စဉ်(လိုအပ်ပါက ထို့ထက်ပိုစွာ)တွေ့စုံစည်းဝေးရပါမည်။ ထိုအ စည်းအဝေးသို့ ကလပ်ဆီး(စ်)တခုစီမှနေ၍ သင်းအုပ်နှစ်ယောက်နှင့်အသင်းလူကြီးနှစ်ယောက်တို့ကို ကိုယ်စားလှယ်စေလွှတ်ရမည်။ သီးသန့်အထွေထွေညီလာခံဖြစ်စေ၊ ညီလာခံ၏အဆုံးသတ်၌ အသင်း တော်အချို့ကို ကလပ်ဆီး(စ်)၏အကြံပြုချက်နှင့် နောက်တနှစ်ညီလာခံပြုလုပ်မည့် နေရာနှင့်အချိန်ကို ဆုံးဖြတ်ရန် အခွင့်အာဏာပေးရမည်။

**စာပိုဒ် (၄၈)**

အထွေထွေညီလာခံတိုင်းသည် အားလုံး၏အကျိုးအတွက် သေချာစွာဆုံးဖြတ်လျှက် အိမ်နီးချင်းအ ထွေထွေညီလာခံများတို့နှင့် သီးသန့်နေထိုင်ခြင်း၊ ဆက်သွယ်ခြင်းတို့ကို လွတ်လပ်စွာပြုနိုင်သည်။

**စာပိုဒ် (၄၉)**

အထွေထွေညီလာခံတိုင်းက အချို့တို့ကို ကိုယ်စားလှယ်အဖြစ်နှင့် ညီလာခံ၏စေခိုင်းချက်များကို အကောင်အထည်ဖေါ်ရန် အစိုးရနှင့်သက်ဆိုင်သည်များ၌၄င်း၊ ပါဝင်သောကလပ်ဆီး(စ်)များသို့၄င်း စေ လွှတ်ရမည်။ အနာဂတ်သင်းအုပ်များအား စာမေးပွဲစစ်ဆေးခြင်းအားလုံး၌လည်း အတူတကွကွက်ကဲ ခြင်း၌ပါဝင်စေရမည်။ ထို့အပြင် ကလပ်ဆီး(စ်)များအတွင်း၌ ဖြစ်ပေါ်သမျှသောအခက်အခဲများသို့ လည်း ကောင်းမွန်ညီညွတ်ခြင်းရှိစေရန်၊ စနစ်ကျမှုရှိစေရန်၊ ကောင်းမွန်သောအယူဝါဒကို ထိန်းသိမ်း တည်ထောင်နိုင်ရန် အကူအညီကိုကမ်းလှမ်းရမည်။ ထိုကိုယ်စားလှယ်တို့သည် မိမိတို့၏ခေါင်းဆောင်မှု များအားလုံးကို အထွေထွေညီလာခံသို့ ပြန်လည်သတင်းပို့ရန် သေချာစွာမှတ်တမ်းတင်ရမည်။ တောင်းဆိုလာပါက ကျိုးကြောင်းရှင်းပြချက်ကိုလည်းပေးရမည်။ ထိုသူတို့၏အမှုဆောင်ခြင်းကို အထွေထွေညီ လာခံက အဆုံးမသတ်မခြင်း ဆက်၍အမှုထမ်းစေရမည်။

**စာပိုဒ် (၅၀)**

အရေးပေါ်လိုအပ်ချက်များမရှိပါက အထွေထွေညီလာခံကို ပုံမှန်အားဖြင့် (၂)နှစ်တကြိမ်ကျင်းပရ မည်။ ထိုညီလာခံသို့ ကလပ်ဆီး(စ်)တိုင်းမှ သင်းအုပ်(၃)ဦးနှင့် အသင်းလူကြီး(၃)ဦးတို့ကိုကိုယ်စားလှယ် လွှတ်ရမည်။ အကယ်၍ အနည်းဆုံး ကလပ်ဆီး(စ်)(၃)ခုလောက်က (၂)နှစ်မတိုင်မှီ အထွေထွေညီလာခံ ခေါ်ယူရန်လိုအပ်သည်ဟု ထင်မြင်ချက်ပြုလာပါက၊ ဤကိစ္စအတွက် စေခိုင်းခြင်းခံရသော ဒေသန္တရအ သင်းတော်က အချိန်နှင့်နေရာကို ဆုံးဖြတ်ရမည်။

**စာပိုဒ် (၅၁)**

အသင်းတော်၏သာသနာပြုခြင်းလုပ်ငန်းကို အထွေထွေညီလာခံက သာသနာပြုခြင်းစည်းမျဉ်း များ၌ဖေါ်ပြထားသည်အတိုင်း ဆောင်ရွက်ရပါမည်။

**စာပိုဒ် (၅၂)**

ဘာသာစကား တမျိုးမကပြောဆိုသောအသင်းတော်များတွင် အသင်းတော်နှင့်ပတ်သက်သောညီ လာခံများ၌ ဘာသာပြန်ခြင်းကို မဖြစ်မနေပြုလုပ်ရမည်။ ထို့အပြင် ညီလာခံ၏ချီးကျူးခြင်းများ၊ လမ်းညွှန်ခြင်းများ၊ ဆုံးဖြတ်ချက်များကိုလည်း ဘာသာပြန်ရမည်။

အယူဝါဒများ၊ ပွဲတော်မင်္ဂလာများ၊ အခြားပွဲလမ်းသဘင်များ

(Of the Doctrines, Sacraments, and Other Ceremonies)

**စာပိုဒ် (၅၃)**

နှုတ်ကပတ်တော်ဟောပြောသော သင်းအုပ်ဆရာများ၊ ထို့အတူ သီသြလော်ဂျီသင်ကြားသူ ပရော် ဖက်ဆာများသည်(အခြားပရော်ဖက်ဆာများနှင့်ကျောင်းဆရာများသည်လည်း)သုံးပါးစုံညီယုံကြည်ချက် ကို ယုံကြည်ကြကြောင်း လက်မှတ်ရေးထိုးကြရမည်။ သုံးပါးစုံညီယုံကြည်ချက်ဆိုသည်မှာ အမည်အားဖြင့် ဘဲ(လ်)ဂျစ်ခံဝန်ချက်၊ ဟိုက်ဒဲ(လ်)ဘာ့(ဂ်)အမေးအဖြေများ၊ ဒေါ့(ထ်)စံနှုန်းများ ၁၆၁၈-၁၉ တို့ဖြစ် သည်။ ထိုသို့မပြုလုပ်ဘဲ ငြင်းဆန်သူ သင်းအုပ်ဆရာများကိုခွန်စစ္စတိုရီ(သို့)ကလပ်ဆီး(စ်)ကအမှုဆောင် ဌာနမှအနားယူစေရမည်။ ငြင်းဆန်သူတို့က

အကြောင်းအရင်းအပြည့်အစုံပေးသည်အထိဖြစ်သည်။ အ ကယ်၍ ဆက်လက်ပြီး ခေါင်းမာစွာငြင်းဆန်နေပါက သူတို့ကို အမှုဆောင်ဌာနမှ ထုတ်ပယ်ပစ်ရမည်။

**စာပိုဒ် (၅၄)**

ထို့အတူပင် အသင်းလူကြီးများနှင့် သင်းထောက်များကလည်း အထက်ကဖော်ပြသကဲ့သို့ ညီညွတ် ခြင်းပုံစံကို လက်မှတ်ရေးထိုးရပါမည်။

**စာပိုဒ် (၅၅)**

မှားယွင်းသောစာပေများကြောင့် ပေါက်ဖွားများပြားလာသော အယူဝါဒအမှားများ၊ မှားယွင်းခြင်းများကို ရှင်းလင်းဖယ်ရှားရန် သင်းအုပ်ဆရာများနှင့်အသင်းလူကြီးများက သွန်သင်ခြင်း၊ ငြင်းဆိုခြင်း (သို့) သတိပေးခြင်း၊ ဆုံးမခြင်း စသည့်နည်းလမ်းများကို အသုံးပြုရမည်။ ထို့အတူ ခရစ်ယာန်တို့၏သွန် သင်ခြင်း၊ အိမ်ထောင်စုများအားလည်ပတ်ခြင်း စသည့် နှုတ်ကပတ်တော်ဖြင့် အမှုတော်ဆောင်ခြင်းတို့ အားဖြင့်လည်း ဖယ်ရှားရပါမည်။

**စာပိုဒ် (၅၆)**

ခရစ်ယာန်တို့၏ကလေးများထံ၌ ဘုရားသခင်၏ပဋိညာဉ်တရားကို ဗတ္တိဇံမင်္ဂလာအားဖြင့် တံဆိပ် ခတ်နှိပ်ရပါမည်။ ထိုသို့ ဗတ္တိဇံပေးခြင်းကို အခွင့်သင့်သည်နှင့် ဘုရားရှိခိုးပွဲတွင် နှုတ်ကပတ်တော်ဟော ကြားခြင်းအပြီးတွင်ပြုရပါမည်။

**စာပိုဒ် (၅၇)**

ဖခင်က သူ၏ကလေးငယ်ကို ဗတ္တိဇံပေးဖို့ယူဆောင်လာရန် သင်းအုပ်တို့က အစွမ်းရှိသမျှနှင့် ကြိုးစားကြရပါမည်။

**စာပိုဒ် (၅၈)**

ဗတ္တိဇံမင်္ဂလာကျင်းပခြင်းတွင် ကလေးငယ်အတွက်ဖြစ်စေ၊ လူကြီးအတွက်ဖြစ်စေ သင်းအုပ်ဆရာ သည် ထိုမင်္ဂလာအတွက် ရေးဆွဲထားသောပုံစံကို အသုံးပြုရမည်။

**စာပိုဒ် (၅၉)**

လူကြီးများကို ဗတ္တိဇံပေးခြင်းဖြင့် ခရစ်ယာန်အသင်းတော်သို့ ဝင်ရောက်စေရမည်။ ထိုသို့ဖြင့် အ သင်းတော်၏အသင်းသားအဖြစ်လက်ခံရမည်။ ထို့ကြောင့် ထိုသူသည်ညစာပွဲတော်မင်္ဂလာကိုသုံးဆောင် နိုင်သူဖြစ်သည်။ သုံးဆောင်နိုင်ခွင့်ရှိကြောင်းကို ၎င်းတို့ဗတ္တိဇံခံချိန်၌ ကတိပေးပြီးဖြစ်သည်။

**စာပိုဒ် (၆၀)**

ဗတ္တိဇံခံယူသူတို့၏နာမည်များကို ၎င်းတို့၏မိဘတို့၏နာမည်များ၊ မွေးနေ့၊ ဗတ္တိဇံခံရာနေ့ စသည် တို့နှင့်အတူ မှတ်တမ်းတင်ထားရမည်။

**စာပိုဒ် (၆၁)**

အသင်းတော်နှင့်ညီညွတ်လျှက် ရီဖော့(မ်)ဘာသာရေးကို ဝန်ခံကြသူတို့သာလျှင်၊ ထို့အပြင် ဘုရားတရားကိုင်းရှိုင်းခြင်း၌အသက်ရှင်သည်ဟု သိမှတ်ခံကြရသူများကိုသာလျှင် ညစာပွဲတော်မင်္ဂလာသို့ပါဝင် ခွင့်ပြုရမည်။ ထိုအချက်တို့မပါဘဲ အခြားအသင်းတော်များမှလာရောက်ကြသူများကို ပါဝင်ခွင့်မပြုရပါ။

**စာပိုဒ် (၆၂)**

အသင်းတော်တိုင်းက ညစာပွဲတော်မင်္ဂလာကို အားလုံးကခွန်အားရစေရန် အကောင်းဆုံးနည်းဖြင့် ကျင်းပရမည်။ သို့သော် အပြင်ပန်းပြုလုပ်ပုံနည်းလမ်းများနှင့်ပတ်သက်၍ ဘုရားသခင်၏နှုတ်ကပတ် တော်ကဖော်ပြထားချက်များကို မပြောင်းလဲရ၊ အယူသီးခြင်းအားလုံးကိုလည်းရှောင်ရမည်။ တရားဟော ခြင်းအပြီး၊ ပုံမှန်ဆုတောင်းခြင်းများအပြီးတွင် ညစာပွဲတော်မင်္ဂလာကျင်းပရန်ပြုလုပ်ထားသောပုံစံကို ထို ရည်ရွယ်ချက်အတွက်ထားရှိသော ဆုတောင်းခြင်းနှင့်အတူ ဖတ်ကြားရမည်။

## စာပိုဒ် (၆၃)

ညစာပွဲတော်မင်္ဂလာကို အနည်းဆုံး (၂)လ (သို့) (၃)လတကြိမ်ကျင်းပရမည်။

## စာပိုဒ် (၆၄)

ညစာပွဲတော်မင်္ဂလာကို အသင်းလူကြီးများက အသင်းတော်၏စည်းမျဉ်းများအတိုင်း စီမံကွက်ကဲ ခြင်းရှိရမည်။

## စာပိုဒ် (၆၅)

လူသေမြှုတ်နှံခြင်းတရားဒေသနာ၊ လူသေနှင့်ပတ်သက်သည့်ဝတ်ပြုခြင်းကို မပြုလုပ်ရပါ။

စာပိုဒ် (၆၆)

စစ်မက်ဖြစ်ပွားချိန်၊ ရောဂါဘယထူပြောချိန်၊ တတိုင်းပြည်လုံးဘေးဒဏ်ကြီးကျရောက်ချိန်နှင့် အခြားကြီးမားသည့်အခက်အခဲများကျရောက်ချိန်၊ ၎င်းတို့၏ရိုက်ခတ်မှုကိုလည်း အသင်းတော်များအားလုံးက ခံစားနေရချိန်မျိုးတွင် ကလပ်ဆီး(စ်)များက နေ့တနေ့ကို ဆုတောင်းရာနေ့အဖြစ်သတ်မှတ်ခြင်းသည် သင့်တော်သောအပြုအမူဖြစ်ပါသည်။

## စာပိုဒ် (၆၇)

တနင်္ဂနွေနေ့အပြင် အသင်းတော်များသည် ခရစ္စမတ်နေ့၊ ကောင်းသောသောကြာနေ့၊ အီစတာ နေ့၊ ကောင်းကင်တက်ကြွရာနေ့၊ ပင်တေကုတေနေ့၊ ဆုတောင်းရာနေ့၊ တိုင်းပြည်၏ကျေးဇူးတော်ချီမွမ်းရာနေ့၊ ဓမ္မဟောင်းနှင့်ဓမ္မသစ်နေ့တို့ကိုပါ စောင့်ထိန်းကြရပါမည်။

## စာပိုဒ် (၆၈)

သင်းအုပ်ဆရာသည် တနင်္ဂနွေနေ့တွင် ဟိုက်ဒဲ(လ်)ဘာ့(ဂ်)အမေးအဖြေများအတွင်း၌ ဖေါ်ပြထားသော ခရစ်ယာန်အယူဝါဒအနှစ်ချုပ်ကို အတိုချုပ်ရှင်းပြရမည်။ ထိုသို့ဖြင့် တနှစ်တကြိမ်ရှင်းပြခြင်းပြည့် စုံပါမည်။ ထိုရည်ရွယ်ချက်အတွက်ပင် အမေးအဖြေက အပိုင်းများကိုခွဲခြားပေးထားပါသည်။

## စာပိုဒ် (၆၉)

အသင်းတော်များတွင် ဒါဝိတ်၏ဆာလံကျမ်း(၁၅၀)၊ ပညတ်တော်(၁၀)ပါး၊ ပဌနာတော်၊ (၁၂)ခု သောယုံကြည်ခြင်းစာပိုဒ်များ၊ မာရိ၊ ဇာခရိ၊ ရှိမုန်တို့၏ဂုဏ်တော်ချီးမွမ်းခြင်းများ၊ နံက်နှင့်ညဦးအချိန်သီ ချင်းများ၊ ဆုတောင်း ခြင်းသီချင်း စသည်တို့ကိုသာ ဒေသနာဟောကြားခြင်းမတိုင်မှီ သီဆိုကြရပါမည်။

## စာပိုဒ် (၇၀)

လက်ထပ်ထိမ်းမြားခြင်းကို ခရစ်တော်၏အသင်းတော်ရှေ့မှောက်၌သာ အတည်ပြုသင့်သည်ဖြစ်၍ ခွန်စစ္စတိုရီတို့သည် ထိုရည်ရွယ်ချက်အတွက် ပြုလုပ်ထားသောပုံစံအတိုင်း ဆောင်ရွက်ကြရပါမည်။

### အမှားပြင်ပေးခြင်းနှင့်အသင်းတော်၏ဆုံးမသွန်သင်ခြင်း
### (Of Censure and Ecclesiastical Admonition)

## စာပိုဒ် (၇၁)

ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းသည် ဝိညာဉ်ရေးရာသဘောသဘာဝရှိသကဲ့သို့ မည်သူတဦးတယောက်မျှသည် တိုင်းပြည်အာဏာပိုင်တို့၏ တရားစီရင်မှုနှင့်အပြစ်ဒဏ်ပေးမှုတို့မှ လွတ်မြောက်ခြင်းမရှိပါ။ ထို့ကြောင့် တိုင်းပြည်၏ဥပဒေအရအရေးယူခြင်းအပြင် အသင်းတော်နှင့်ဆိုင်သောဆုံးမသွန်သင် ခြင်းသည်လည်း လိုအပ်နေပါသည်။ ထိုသို့အရေးယူခြင်းဖြင့် အပြစ်ပြုသူသည် အသင်းတော်နှင့်၎င်း၊အိမ်နီးချင်းနှင့်၎င်း ပြန်လည်သင့်မြတ်နိုင်ရန်ဖြစ်သည်။ ထို့အပြင် ခရစ်တော်၏အသင်းတော်မှနေ၍ မှားယွင်းခြင်းကို ဖယ်ရှားနိုင်မည်ဖြစ်သည်။

## စာပိုဒ် (၇၂)

တစုံတဦးသည် အယူဝါဒ၌မှားယွင်းသောအခါ (သို့) အပြုအမူအားဖြင့်မှားယွင်းသည့်အခါ၊ ထိုအ ပြစ်သည် ကိုယ်ပိုင်မှားယွင်းမှုမျိုးဖြစ်လျှက် လူထုထံ မည်သို့သောစိတ်နာမှုမျိုးကိုမျှ မဖြစ်ပွားစေလျှင် သ ခင်ခရစ်တော်က မဿဲ ၁၈ တွင် ရှင်းလင်းစွာဖေါ်ပြထားသည့်နည်းအတိုင်း အရေးယူဆောင်ရွက်ရ မည်။

## စာပိုဒ် (၇၃)

တစုံတဦးသည် တိတ်တဆိတ်အပြစ်များကိုကျူးလွန်သော်လည်း သူ့အား အခြားသူတဦးက တိတ် တဆိတ်ဆုံးမပြီး (သို့) သက်သေခံနှစ်ဦးသုံးဦးရှေ့၌ဆုံးမပြီး မိမိအပြစ်မှနောင်တရပြောင်းလဲပါက ထို ကိစ္စကို ခွန်စစ္စတိုရီရှေ့သို့ ယူဆောင်လာရန်မလိုတော့ပါ။

## စာပိုဒ် (၇၄)

တစုံတဦးသည် ၄င်းလုပ်မိသော တိတ်တဆိတ်အပြစ်များအတွက် နှစ်ဦး(သို့)သုံးဦးသောသူတို့က ချစ်ခြင်းမေတ္တာဖြင့်ဆုံးမသော်လည်း ဂရုစိုက်ခြင်းမရှိသည့်အခါ (သို့) တစုံတဦးသည် လူသိရှင်ကြား အ ပြစ်ကိုကျူးလွန်သောအခါ ထိုကိစ္စကို ခွန်စစ္စတိုရီသို့သတင်းပို့ရမည်။

## စာပိုဒ် (၇၅)

သဘာဝကိုယ်၌က လူသိရှင်ကြားဖြစ်သည့်အပြစ်မျိုးကို ကျူးလွန်သောအပြစ် (သို့) ကျူးလွန်မိသော အပြစ်အတွက် အသင်းတော်၏ဆုံးမမှုကို အထင်သေးသဖြင့် လူသိရှင်ကြားဖြစ်လာသည့်အပြစ်အား ကျူးလွန်သူတို့ကို(နောင်တရကြောင်းသေချာလုံလောက်သည့်သက်သေအပေါ် တည်မှီလျှက်)ပြန်လည် သင့်မြတ်ခြင်းပြုကြသည့်အခါ ခွန်စစ္စတိုရီမှနေ၍ အသင်းတော်တိုင်းအတွက် ခွန်အားရစေမည့် အ ကောင်းဆုံးသောနည်းလမ်းအတိုင်း ပြုရပါမည်။ အချို့သောပြန်လည်သင့်မြတ်ခြင်းကိစ္စများကို လူထုရှေ့ ၌ပြုကြရမည်။ သို့သော် ခွန်စစ္စတိုရီအတွင်း၌ ကွဲပြားသောအမြင်ရှိနေပါက အိမ်နီးချင်းခွန်စစ္စတိုရီ(၂)ခု(သို့) ကလပ်ဆီး(စ်)၏အကြံပြုချက်တို့နှင့် သေချာစွာတွေးတောဆောင်ရွက်ကြရမည်။

## စာပိုဒ် (၇၆)

ခွန်စစ္စတိုရီ၏ဆုံးမမှုကို ခေါင်းမာစွာငြင်းပယ်သူ၊ ထို့အတူ လူသိရှင်ကြားအပြစ်ကိုကျူးလွန်သူ (သို့) ကြီးမားသောအပြစ်ကိုကျူးလွန်သူ စသည်တို့ကို ညစာပွဲတော်မင်္ဂလာသုံးဆောင်ခြင်းခွင့်မပြုရ၊ ထိုသို့ ခွင့်မပြုဘဲထားပြီးနောက် ထပ်တလဲလဲဆုံးမနေသော်လည်း၊ နောင်တရခြင်းလက္ခဏာများကိုပြသခြင်းမရှိ ပါက ခွန်စစ္စတိုရီအနေနှင့် ပြင်းထန်သောကုသခြင်းကို နောက်ဆုံးအနေနှင့်ပြုရတော့မည်ဖြစ်သည်။၄င်း ကို အမည်အားဖြင့် အသင်းတော်မှထုတ်ပယ်ခြင်းဟုခေါ် ၏။ ထိုအမှုကိုပြုသည့်အခါ သမ္မာကျမ်းစာနှင့် အညီ ထိုရည်ရွယ်ချက်အတွက် ရေးစွဲထားသောပုံစံအတိုင်းပြုရမည်။ သို့သော် ကလပ်ဆီး(စ်)၏အကြံပြု ချက်မပါဘဲ မည်သူကိုမျှ အသင်းတော်မှထုတ်ပယ်ခြင်းမပြုရ။

## စာပိုဒ် (၇၇)

သခင်ဘုရား၏ညစာစားပွဲကို မပါဝင်စေဘဲထားပြီး၊ အကြိမ်ကြိမ်ဆုံးမပြီးနောက်၊ အသင်းတော်မှ ထုတ်ပယ်ခြင်းမပြုမှီ၊ ထိုခေါင်းမာသောအပြစ်သားကို ဒေသန္တရအသင်းတော်တခုလုံးသို့ လူသိရှင်ကြားသိရှိစေရမည်။ ကျူးလွန်သောအပြစ်အကြောင်းရှင်းပြရမည်။ ထို့အတွက် အပြစ်ကိုဖေါ်ပြခြင်း၊ သခင် ဘုရား၏ညစာပွဲတော်မင်္ဂလာမှ မပါဝင်ဘဲနေစေခြင်း၊ ထပ်ခါတလဲလဲဆုံးမခြင်း စသည်တို့အားဖြင့် မည် ကဲ့သို့ဂရုတစိုက်အရေးယူခဲ့ကြကြောင်းကိုလည်း ရှင်းပြကြရမည်။ ထို့အပြင် အသင်းသားများက ထိုသူ နှင့် စကားစမြည်ပြောဆိုခြင်းကို၄င်း၊ ဆုတောင်းပေးခြင်းကို၄င်း ပြုကြဖို့ရန်အားပေးတိုက်တွန်းရပါမည်။ ထိုသို့ အသင်းတော်ရှေ့မှောက်၌ဆုံးမခြင်းကို နည်းလမ်း(၃)မျိုးနှင့် ပြုလုပ်နိုင်ပါသည်။ ပထမနည်း၊ အ ပြစ်ပြုသူအမည်ကိုချန်လှပ်ထားလျှက် ရှင်းပြခြင်း။ ဒုတိယနည်း၊ ကလပ်ဆီး(စ်)၏အကြံပြုချက်နှင့်အတူ ထိုသူ၏အမည်ကိုပါ ဖေါ်ပြခြင်း။ တတိယနည်း၊ အသင်းသားများထံ ထိုသူသည် နောင်တရခြင်းမရှိပါ က အသင်းတော်၏မိတ်သဟာယဖွဲ့ခြင်းမှထုတ်ပယ်ခြင်းခံရမည်၊ ထို့ကြောင့်သူသည်ဆက်လက်၍ခေါင်း မာနေပါက အသင်းတော်မှထုတ်ပယ်ခြင်းအရေးယူမှုသည် အသင်းတော်ကသတ်မှတ်ထားသောအချိန် ပြည့်စုံသောအခါရောက်ရှိလာမည်ဟု သတိပေးခြင်း။ ဆုံးမခြင်းများ၏ကြားကာလအချိန်သည် မည်၍ မည်မျှဖြစ်ကြောင်းကိုမူ ခွန်စစ္စတိုရီကဆုံးဖြတ်မည်ဖြစ်သည်။

## စာပိုဒ် (၇၈)

အသင်းတော်မှထုတ်ပယ်ခြင်းအရေးယူမှုခံရသူတဦးက နောင်တရခြင်းနည်းလမ်းဖြင့်အသင်းတော်နှင့်ပြန်လည်သင့်မြတ်ခြင်းပြုလိုပါက၊ ထိုအကြောင်းကို အသင်းတော်သို့ ညစာပွဲတော်မင်္ဂလာမကျင်းပမှီ (သို့) အခြားသင့်တော်သောအချိန်၌ ကြားပြောရမည်။ ထိုသို့ဖြင့် (တစုံတဦးက သူ့အားဆန့်ကျင်လျှက် တစုံတရာကိုဖေါ်ပြနိုင်ခြင်းမရှိပါက) အသင်းတော်သို့ပြန်၍လက်ခံရန် ထိုရည်ရွယ်ချက်အတွက်ပြုလုပ် ထားသောပုံစံအတိုင်း လူထုရှေ့တွင် သူ၏ဝန်ခံချက်အတိုင်း ပြန်၍လက်ခံရမည်ဖြစ်သည်။

## စာပိုဒ် (၇၉)

သင်းအုပ်ဆရာ၊ အသင်းလူကြီး၊ သင်းထောက်တို့က အသင်းတော်သိက္ခာကိုကျစေသော (သို့) အစိုးရဥပဒေကပင်အရေးယူထိုက်သော လူသိရှင်ကြားအပြစ်တမျိုးမျိုး၊ ကြီးမားသောအပြစ်တမျိုးမျိုးကိုကျူး လွန်လျှင်၊ အသင်းလူကြီးများနှင့်သင်းထောက်များက ခွန်စစ္စတိုရီ၏ယခင်ပြုခဲ့သောဆုံးဖြတ်ချက်အတိုင်းနှင့် အနီးဆုံးသောအသင်းတော်ခွန်စစ္စတိုရီ၏ဆုံးဖြတ်ချက်အတိုင်း၊ ချက်ခြင်းပင် ၎င်းတို့၏အမှုတော် ဆောင်ဌာနမှနေ၍ အနားယူစေရမည် (သို့) ထုတ်ပယ်ရမည်။ သို့သော် သင်းအုပ်များသည် အနားယူ စေခြင်းကိုသာခံရကြမည်။ အမှုတော်ဆောင်အဖြစ်မှလုံးဝထုတ်ပယ်ခြင်းကိုမူ စာပိုဒ်(၁၁)၌ဖေါ်ပြထားသည်အတိုင်း (သီးသန့်)အထွေထွေညီလာခံမှ စေလွှတ်သောကိုယ်စားလှယ်တို့၏အကြံပြုချက်နှင့်အတူ ကလပ်ဆီး(စ်)၏ဆုံးဖြတ်ချက်အတိုင်းဖြစ်ရမည်။

## စာပိုဒ် (၈၀)

အမှုဆောင်ဌာနမှရပ်ဆဲထိုက်သော (သို့) ထုတ်ပယ်ထိုက်သောအပြစ်များတွင် ဤအချက်တို့သည် အရေးအကြီးဆုံးဖြစ်ကြသည်၊- မှားယွင်းသောအယူဝါဒသွန်သင်ခြင်း၊ လူထုအားကွဲပြားစေခြင်း၊ လူသိ ရှင်ကြား ဘုရားသခင်၏နာမတော်အားရှုတ်ချခြင်း၊ အမှုဆောင်နေရာအားငွေကြေးဖြင့်ရောင်းချခြင်း၊ မိ မိအမှုဆောင်ဌာနကို သစ္စာမရှိစွာစွန့်ပယ်ခြင်း (သို့) ထိုသို့အခြားသူကိုသွန်သင်ခြင်း၊ မမှန်သောသက် သေခံခြင်း၊ သူ့မယားကိုပစ်မှားခြင်း၊ မတရားသောမေထုန်မှီဝဲခြင်း၊ ခိုးခြင်း၊ ရန်ဖြစ်အကြမ်းဖက်ခြင်း၊ အ ရက်သောက်ခြင်း၌အကျင့်ပါခြင်း၊ ရန်တွေ့ခြင်း၊ မတရားသောငွေကြေးကိုတပ်မက်ခြင်း စသည်တို့ဖြစ် သည်။ အတိုချုပ်အားဖြင့်မူ လောက၏ရှေ့တွင်ပင် ကျူးလွန်သူတယောက်သည် နာမည်မရနိုင်သည့် အ ပြစ်များအားလုံး၊ ထိခိုက်နစ်နာစေခြင်းများအားလုံး၊ မိမိ၏ကိုယ်ပိုင်အသင်းသားအယောက်တိုင်းကပင် အသင်းတော်မှထုတ်ပယ်ပစ်ထိုက်ပါသည်ဟု ယူဆကြသောအပြစ်များအားလုံးဖြစ်သည်။

## စာပိုဒ် (၈၁)

သင်းအုပ်ဆရာများ၊ အသင်းလူကြီးများနှင့်သင်းထောက်များတို့သည် သခင်ဘုရား၏ညစာပွဲတော် မင်္ဂလာမကျင်းပမှီ ခရစ်ယာန်တို့၏တဦးကိုတဦးဆုံးမခြင်းဆိုသည်ကို မိမိတို့အကြားတွင်ကျင့်သုံးကြရပါ မည်။ မိတ်ဆွေသူငယ်ချင်းများဖြစ်သည်ဆိုသောစိတ်သဘောအတွင်း၌ မိမိတို့၏ဌာနတာဝန်များနှင့်ပတ် သက်၍ တဦးကိုတဦးဆုံးမကြရပါမည်။

## စာပိုဒ် (၈၂)

ဒေသန္တရအသင်းတော်တခုမှနေ၍ ပြောင်းရွှေ့သောသူတို့အတွက် ခွန်စစ္စတိုရီက ၎င်းတို့၏ယုံ ကြည်ချက်၊ အသက်ရှင်မှုနှင့်ပတ်သက်၍ သက်သေခံစာတစောင်ကို ခွန်စစ္စတိုရီအဖွဲ့ဝင်(၂)ဦးမှလက် မှတ်ထိုး၍ (သို့) အသင်းတော်တံဆိပ်နှင့်ပို့သောစာဖြစ်လျှင် တဦးကလက်မှတ်ထိုး၍ ပေးအပ်ရမည်။

## စာပိုဒ် (၈၃)

ထို့အပြင် အကျိုးအကြောင်းလုံလောက်စွာနှင့် ဆင်းရဲသူတဦးပြောင်းရွှေ့ပါက သင်းထောက်တို့က သင့်တော်သည်ဟုဆုံးဖြတ်သလောက် လမ်းစရိတ်ကိုပေးရမည်။ သို့သော် ခွန်စစ္စတိုရီနှင့်သင်းထောက် များသည် အသင်းတော်များအားလုံး၏ ဆင်းရဲသူများကိုကူညီရာ၌ အလွန်အကျွံပြုလုပ်ခြင်းမရှိရပါ။ ထို သူတို့ကြောင့် အခြားအသင်းတော်များကိုလည်း မလိုအပ်ဘဲနှင့် ဝန်ထုတ်ဝန်ပိုးမဖြစ်စေသင့်ပါ။

## စာပိုဒ် (၈၄)

မည်သည့်အသင်းတော်ကမျှ အခြားအသင်းတော်များအပေါ်၌ မည်သည့်ပုံစံနှင့်မျှ အရှင်သခင်သ ဖွယ်မပြုကျင့်ရပါ။ မည်သည့်အသင်းအုပ်ကမျှလည်း အခြားသင်းအုပ်အပေါ် ထိုသို့မပြုရပါ။မည်သည့်အ သင်းလူကြီးများ (သို့) အသင်းထောက်များသည်၊ အခြားအသင်းလူကြီးများ (သို့) သင်းထောက်များအ ပေါ် ထိုသို့မပြုရပါ။

## စာပိုဒ် (၈၅)

အရေးသိပ်မကြီးသည့်အချက်များ၌သာ ကျွန်တော်တို့၏ကျင့်သုံးပုံစံနှင့် ကွဲပြားသောအသင်းတော် များကို မငြင်းပယ်ရပါ။

## စာပိုဒ် (၈၆)

ဤစာပိုဒ်များသည် ဥပဒေနှင့်ကိုက်ညီသော အသင်းတော်အုပ်ချုပ်ပုံစည်းမျဉ်းများဖြစ်ကြ၏။ အ များ၏သဘောတူညီချက်အတိုင်း ရေးဆွဲထားခြင်းဖြစ်၏။ အကယ်၍ အသင်းတော်များအတွက် ပို၍အ ကျိုးရှိမည်ဆိုပါက၊ တောင်းဆိုလာပါက ဤစာပိုဒ်များကို ပြောင်းလဲခြင်း၊ တိုးချဲ့ခြင်း (သို့) ဖြုတ်ပစ်ခြင်း စသည်တို့ကို လုပ်နိုင်ပါသည်၊ လုပ်သင့်ပါသည်။ သို့သော် ဒေသန္တရအသင်းတော်တခုကသော်၎င်း၊ က လပ်ဆီး(စ်)တခုကသော်၎င်း (သို့) သီးသန့်ညီလာခံတခုကသော်၎င်း ပြုပြင်ပြောင်းလဲခြင်းကို လွတ်လပ် စွာမပြုရ။ အထွေထွေညီလာခံကြီးက ပြောင်းလဲရန်လိုအပ်သည်ဟု ပြုပြင်လာချိန်တိုင်အောင် ဤစည်းမျဉ်းများကို ကြိုးစားစွာလိုက်နာကြရပါမည်။

## ခရစ်ယာန်အသင်းတော်အကြောင်း

သခင်ယေရှုခရစ်တော်ထံမှနေ၍ ကယ်တင်ခြင်းကိုမျှော်လင့်ကြသော၊ သူ၏အသွေးတော်အားဖြင့် ဆေးကြောခြင်းကိုခံရကြသော၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်နှိပ်ခြင်းကိုခံရကြလျှက် သန့်ရှင်းရာ၌တည်စေခြင်းကိုခံရကြသော စစ်မှန်သည့်ယုံကြည်သူ ခရစ်ယာန်အားလုံးတို့ပါဝင်သည့် သန့် ရှင်းသောအစည်းအဝေးဟုခေါ်သည့် ကဲသလစ်အသင်းတော် (သို့) အားလုံးနှင့်ဆိုင်သည့် ကမ္ဘာလုံးဆိုင် ရာအသင်းတော် တပါးတည်းသာရှိသည်ဟု ကျွန်ုပ်တို့ ဝန်ခံကြပါသည်။ သခင်ခရစ်တော်သည် ကမ္ဘာဦးမှနေ၍ နောက်ဆုံးသောနေ့ရက်တိုင်အောင် ဤအသင်းတော်၏ ထာဝရရှင်ဘုရင်ဖြစ်တော်မူ၏။ ဤအ သင်းတော်ကို တလောကလုံး၏အမျက်ဒေါသမှနေ၍ ဘုရားသခင်က စောင့်ရှောက်စောင်မထောက်ပံ့ ပေးတော်မူ၏။ ထိုအသင်းတော်သည် အာဟတ်မင်းအုပ်စိုးသည့် ကြောက်မက်ဖွယ်အချိန်ကကဲ့သို့ တခါ တရံ(ခဏတဖြုတ်)လူသား၏အမြင်တွင် သေးငယ်လှစွာ၊ ဘာမျှမဟုတ်တော့သလို ထင်မြင်ရတတ်ပါ သော်လည်း၊ သခင်ဘုရားသည် ဗာလနတ်ဘုရားရှေ့တွင် ဒူးမထောက်၊ ဦးမချသူ လူခုနစ်ထောင်ကို သူ့ အဘို့ချန်လှပ်ထားပါသည်။ ထို့အပြင် ဤသန့်ရှင်းသောအသင်းတော်သည် နေရာဒေသတခုတည်းနှင့်၊ လူအချို့တို့ထံ၌သာ တည်ရှိဖို့ရန် ကန့်သတ်ထားခြင်းမျိုးမရှိဘဲ၊ တကမ္ဘာလုံး၌ ကွဲပြန့်ပြန့်နှံ့လျှက်ရှိပါ သည်။ သို့ သော် ယုံကြည်ခြင်း၏တန်ဖိုးအားဖြင့်၊ တခုတည်းသာဖြစ်သည့်တူညီသောဝိညာဉ်တော်၌ တ ယောက် နှင့်တယောက် ညီညွတ်စွာဆက်သွယ်လျှက်ရှိ၏။

စစ်မှန်သောအသင်းတော်၏လက္ခဏာများနှင့် မှားယွင်းသောအသင်းတော်မှ ကွဲပြားခြားနားချက်များ

ကမ္ဘာပေါ်၌ရှိနေကြသည့် ဂိုဏ်းဂဏကွဲများအားလုံးက မိမိတို့ဘာသာအသင်းတော်ဖြစ်ကြပါသည် ဟုပြောဆိုကြသဖြင့်၊ မည်သည်တို့သည် စစ်မှန်သောအသင်းတော်ဖြစ်ကြောင်း ဘုရားသခင်၏နှုတ်က ပတ်တော်အတိုင်း ဆင်ခြင်သတိထားကြီးစွာဖြင့် အစဉ်အမြဲလေ့လာစမ်းစစ်ရမည်ဟု ကျွန်ုပ်တို့ယုံကြည် ကြပါသည်။ ဤနေရာတွင် အသင်းတော်အတွင်း၌ ကောင်းမြတ်သူများနှင့်ရောနှောပါဝင်နေသော ဟန် ဆောင်သူယုံကြည်သူအတုများကို ပြောနေခြင်းမဟုတ်ပါ။ ၎င်းတို့သည် အသင်းတော်အတွင်း၌ အပြင် ပန်းအားဖြင့် ပါဝင်နေကြပါသော်လည်း စစ်မှန်သောအသင်းတော် သူ/သားများမဟုတ်ကြပါ။ ဤနေရာ ၌ကျွန်ုပ်တို့ဆိုလိုနေသည်မှာ မိမိတို့ဘာသာ စစ်မှန်သောအသင်းတော်ဖြစ်ပါသည်ဟု ပြောဆိုနေကြ သော မစစ်မှန်သည့်ဂိုဏ်းဂဏကွဲများမှနေ၍ ယုံကြည်သူတို့စည်းဝေးရာ စစ်မှန်သောအသင်းတော်သည် ကွဲပြားခြားနားမှုရှိကိုရှိရမည်ဟု ဆိုလိုနေခြင်းဖြစ်၏။ စစ်မှန်သောအသင်းတော်၏အမှတ်လက္ခဏာများမှာ ဤသည်တို့ဖြစ်သည်၊- စင်ကြယ်သောဧဝံတရားကိုဟောပြောရမည်၊ ပွဲတော်မင်္ဂလာများကို သခင်ခရစ်တော်ကမိန့်တော်မူထားသည့်အတိုင်း စင်ကြယ်စွာကျင့်သုံးခြင်းရှိရမည်၊ အပြစ်ကိုအရေးယူ ခြင်း၌ ခရစ်ယာန်စည်းကမ်းထိန်းသိမ်းအရေးယူခြင်းကို လက်တွေ့ကျင့်သုံးရမည် စသည်တို့ဖြစ်သည်။ အတိုချုပ်အားဖြင့်ပြောရလျှင် အသင်းတော်အတွင်းစီမံခန့်ခွဲသမျှသည် ဘုရားသခင်၏စင်ကြယ်သော နှုတ်ကပတ်တော်အတိုင်းဖြစ်ရမည်။ နှုတ်ကပတ်တော်ကဆန့်ကျင်ကန့်ကွက်သမျှကို ဆန့်ကျင်ငြင်းပယ်ရ မည်။ ထို့အပြင် သခင်ယေရှုခရစ်တော်တပါးတည်းသာလျှင် အသင်းတော်၏ဦးခေါင်းဖြစ်သည်ဟု အသိ အမှတ်ပြုရမည်။ ဤအချက်များအားဖြင့် စစ်မှန်သောအသင်းတော်ဖြစ်သည်ကို သေချာစွာသိနိုင်သည်။ ထိုအသင်းတော်မှနေ၍ မည်သူတယောက်မျှ သီးခြားစွာနေထိုင်ခွင့်မရှိပါ။ အသင်းတော်၏အသင်းသူ/သားများနှင့်ပတ်သက်၍၊ ၎င်းတို့ကို ခရစ်ယာန်တို့လက္ခဏာများအားဖြင့် သိရှိနိုင်ပါသည်။ ၎င်း လက္ခဏာများမှာ၊- ယုံကြည်ခြင်းအားဖြင့် သခင်ယေရှုခရစ်တော်ကို မိမိတို့၏ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံချိန်မှစ၍ အပြစ်များကိုရှောင်ကျဉ်သူများဖြစ်လာကြ၏။ ဖြောင့်မတ်ခြင်းတရားနောက်သို့ လိုက် လျှောက်ကြသူများ၊ စစ်မှန်သောဘုရားသခင်နှင့် မိမိအိမ်နီးချင်းကို ချစ်မြတ်နိုးသူများ၊ ဘုရားသခင်၏ လမ်းတော်မှနေ၍ဘယ်ဖက်သို့၎င်း၊ ညာဖက်သို့၎င်းလွှဲဖယ်ခြင်းမရှိ ဖြောင့်စွာလိုက်လျှောက်သူများ၊ မိမိ

တို့၏ဇာတိစိတ်များနှင့်အကျင့်များကို လက်ဝါးကပ်တိုင်း၌ရိုက်ထားသူများဖြစ်ကြသည်။ သို့သော် ထိုသို့ ပြောဆိုခြင်းကြောင့် ယုံကြည်သူတို့တွင် ကြီးမားသောမပြည့်စုံမှုများ မရှိတော့ပါဟု ထင်မြင်ယူဆမှု မရှိ သင့်ပါ။ သို့သော် ထိုမပြည့်စုံမှုများကို ယုံကြည်သူတို့သည် မိမိတို့၏အသက် တာတလျှောက်လုံး သန့် ရှင်းသောဝိညာဉ်တော်အားဖြင့် ဆန့်ကျင်လျှက်ရှိကြပါသည်။ ထိုသို့ဆန့် ကျင်ရာတွင်ယုံကြည်သူတို့သည် အမြဲပင် သခင်ယေရှုခရစ်တော်၏ အသွေးတော်၊ အသေခံခြင်း၊ ဒုက္ခခံတော်မူခြင်း၊ နာခံလိုက်လျှောက် ခြင်း စသည်တို့၌ခိုလှုံလျှက် ဆန့်ကျင်ကြခြင်းဖြစ်သည်။ ထိုသခင်အား ယုံကြည်ခြင်းဖြင့်သာ၊ ထိုသခင် ကြောင့် အပြစ်မှခွင့်လွှတ်မှုကို ရရှိကြခြင်းဖြစ်တော့သည်။ မှားယွင်းသောအသင်းတော်မှာ ထိုသို့မဟုတ် ပါ၊ မိမိဘာသာ သမ္မာကျမ်းစာထက် ပို၍တန်ခိုးအာဏာရှိသည်၊ သမ္မာကျမ်းစာထက် မိမိ၏ထုံးတမ်းစဉ် လာများသာ ပို၍အရေးကြီးသည်ဟုပြောဆို တတ်သည်။ ပွဲတော်မင်္ဂလာများကျင့်သုံးရာ၌လည်း သ ခင်ခရစ်တော်ကသူ၏နှုတ်ကပတ်တော်တွင် ခန့်ထားသည့်အတိုင်း ကျင့်သုံးခြင်းမရှိဘဲ၊ မိမိကြိုက်နှစ် သက်သလို ထပ်မံထည့်သွင်းခြင်း (သို့) ဖယ်ထုတ်ခြင်းများကို ပြုတတ်၏။ ထိုမှားယွင်းသောအသင်းတော်သည် သခင်ခရစ်တော်ကိုအားကိုးသည်ထက် လူကိုပို၍အားကိုးတတ်၏။ ထို့အပြင် ထိုမှားယွင်းသောအသင်းတော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်အလိုအတိုင်း သန့်ရှင်းစွာနေကြသူများ၊ မိမိ၏ မှားယွင်းမှုများ၊ လောဘကြီးမှုများ၊ ရုပ်တုကိုးကွယ်မှုများ စသည်တို့ကိုဖေါ်ပြသူများအား နှိပ်စက်ညှင်းပန်းတတ်ပါသေးသည်။ ထို့ကြောင့် ဤအသင်းတော်နှစ်ပါးကို မည်သူကမှန် မည်သူကမှားကြောင်း လွယ်ကူစွာ သိမြင်ခွဲခြားနိုင်ပါသည်။